
mgyoe.com
SAMPLE BOOK



# အိမိဆို
# စာသင်ခန်းထဲက တရားခံ


## A CHILD I WANT TO KILL

Lee Kkotnim

mgyoe.com

mgyoe.com SAMPLE BOOK

"၁၇ နှစ်အရွယ် မိန်းကလေးက
အဓိက သံသယရှိသူတဲ့"



"ကျောင်းရဲ့နောက်ဘက်မှာ ဆောအွန်းကို
သေဆုံးလျက်သား တွေ့ရှိခဲ့တယ်။
ဂျိသုငယ်ချင်း ဆောအွန်းကို
ဘယ်သူက သတ်လိုက်တာလဲ"

စာသင်ခန်းထဲကတရားခံ
9 782025 001514


mgyoe.com

Cover Design PaingNaingAung@2025

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၅၁)

## ပုံနှိပ်မှတ်တမ်း



# အိမ်မိဆို

## စာသင်ခန်းထဲက တရားခံ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ

မျက်နှာဖုံးဒီဇိုင်း ♦ ဗိုင်နိုင်အောင်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၉၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း။
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း။ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား။
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

အိမ်မိဆို
စာသင်ခန်းထဲက တရားခံ / အိမ်မိဆို။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၁၆၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၅၁) စာသင်ခန်းထဲက တရားခံ

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မဟာ အမှန်တရားဆိုတာနဲ့ ပတ်သက်ပြီး
မကြာခဏ တွေးကြည့်ခဲ့ဖူးတယ်။
အမှန်တရားဆိုတာ သူ့အမှန်တရားအတိုင်း ရှိနေတာလား၊
ဒါမှမဟုတ် လူတွေလိုချင်တဲ့အတိုင်း
ဖန်တီးထားတာလား ဆိုတာကိုပေါ့။
အဲဒါနဲ့ပဲ အမှန်တရားနဲ့ ယုံကြည်မှုကို အခြေခံထားတဲ့
ဒီဝတ္ထုကို ဖန်တီးဖြစ်ခဲ့ပါတယ်။

♦

**Lee Kkotnim**

mgyoe.com

mgyoe.com SAMPLE BOOK

# စာသင်ခန်းထဲက တရားခံ အမှာစာ

ကျွန်မ ဒီဝတ္ထုကို စဖတ်တဲ့ အချိန်မှာ မြန်မာပြန်မယ်ဆိုတဲ့ အတွေး မရှိခဲ့ပါဘူး။ ဖတ်ရင်းနဲ့ ကိုရီးယား ဒရာမာဇာတ်လမ်း တစ်ပုဒ်ကို ကြည့်နေရသလို ဇာတ်လမ်းထဲ စီးမျောသွားပြီး ဇာတ်ကောင် ဆယ်ကျော်သက်ကလေးတွေရဲ့ အတွင်းစိတ်နဲ့ ခံစားချက်တွေထိ မြင်တွေ့ခံစားလာရတဲ့အခါ၊ စာအုပ်ကို လက်က မချချင်တော့လောက်အောင် ဖြစ်လာတဲ့အခါမှာတော့ မဖြစ်တော့ဘူး ဒီဝတ္ထုကို မြန်မာလို ပြန်မှပဲ ဆိုတဲ့ စိတ်ကူး ဖြစ်ပါတော့တယ်။ မူရင်းဝတ္ထုရဲ့ ပုံကိုင်ရှင် ဆရာမ အီကိုဲနိုဟာ ဆိုရင် ဆယ်ကျော်သက်စာပေတွေကိုပဲ ဦးစားပေး ရေးတဲ့ စာရေးသူ တစ်ယောက်ဖြစ်ပြီး ဆရာမရဲ့ ဝတ္ထုတိုင်းဟာ တမျိုးဆန်းသစ်ပြီး ကျွန်မတို့ မတွေးမိတဲ့ ရှုထောင့်ကနေ ဆယ်ကျော်သက်တွေရဲ့ ဘဝ၊ ခံစားချက်၊ ပြဿနာတွေကို သုတေသနပြုထားသလိုပဲ သေချာလေး ရေးဖွဲ့နိုင်သူတစ်ဦး ဖြစ်တဲ့အပြင် ဇာတ်လမ်းအဖြစ် ဖန်တီးတဲ့နေရာမှာလည်း တင်ဆက်ပုံ အင်မတန် သေသပ်ကောင်းမွန်တဲ့ ဆရာမပါ။ ဆရာမရဲ့ ဆယ်ကျော်သက်ဝတ္ထုတွေဟာ ကိုရီးယားမှာသာမက နိုင်ငံတကာမှာပါ နာမည်ကြီးတာမို့ နိုင်ငံအတော်များများရဲ့ ဘာသာစကားနဲ့ ပြန်ဆိုထားတဲ့ ဝတ္ထုတွေလည်း ရှိပါတယ်။

ကျွန်မ မြန်မာပြန်ထားတဲ့ "စာသင်ခန်းထဲက တရားခံ" ဝတ္ထုဟာ ဆိုရင်လည်း ဂျပန်၊ ပြင်သစ်၊ ထိုင်ဝမ် အစရှိတဲ့ နိုင်ငံ ၅ နိုင်ငံရဲ့ဘာသာစကားနဲ့ ပြန်ဆို

mgyoe.com

ထားပြီးတဲ့ အင်မတန်မှ လူကြိုက်များတဲ့ ဝတ္ထုတစ်ပုဒ်ပါ။ ဒရာမာ ဇာတ်လမ်းအဖြစ် အသက်သွင်းဖို့လည်း ရှိတယ်လို့ ကြားရပါတယ်။ ဆရာမဟာ ကိုရီးယားမှာ ဆယ်ကျော်သက် စာပေဆုအပြင် အခြားသော စာပေဆုတွေပါ ရရှိထားသူပီပီ ဆရာမ ဖန်တီးတဲ့ ဝတ္ထုတိုင်းဟာ ဆယ်ကျော်သက် လူငယ်တွေနဲ့ ဆယ်ကျော်သက် သားသမီး ရှိသူ မိဘတွေ အမြဲ ဖတ်ကြရတယ်လို့လည်း ဆိုပါတယ်။

ဒီဝတ္ထုထဲမှာ ပါတဲ့ ဇာတ်ကောင်တစ်ခုချင်းစီရဲ့ စိတ်အခြေနေနဲ့ ကိုယ်စီ ခံစားချက်တွေကို လိုက်လံခံစားရင်းနဲ့ ဘယ်သူက နစ်နာသူ၊ ဘယ်သူက ကျူးလွန်သူဆိုတာကိုတောင် မေ့လျော့သွားပြီး ဆယ်ကျော်သက် တစ်ယောက်စီမှာ မတူညီတဲ့ အကြောင်းပြချက် ခံစားချက်တွေ ရှိနေပါလားဆိုတဲ့ အချက်ကို သိမြင်နိုင်ခဲ့ပါတယ်။ အဓိက ဇာတ်ကောင် နှစ်ယောက်ဖြစ်တဲ့ ဘတ်ဆောအွန်းနဲ့ ဂျီဂျူယွန်း။ သူတို့ဟာ ကိုယ်စီ မတူညီတဲ့ ဒဏ်ရာကိုယ်စီ ပိုက်ထွေးထားကြသူတွေပါ။

ကိုရီးယားကနေ မြန်မာလို ဘာသာပြန်တဲ့အခါမှာတော့ မူရင်းဝတ္ထုထဲမှာ ပါတဲ့အတိုင်း အတတ်နိုင်ဆုံး ကြိုးစား ပြန်ဆိုထားပါတယ်။ မူရင်းဝတ္ထုထဲမှာ "ဂျီဂျူယွန်း" ကို သူ့သူငယ်ချင်းက "ဂျီယွန်း" လို့ ပြောဆိုသုံးနှုန်းတဲ့အခါလည်း ရှိသလို တစ်ချက်တစ်ချက်မှာ ရှေ့က မျိုးရိုးဖြစ်တဲ့ "ဂျီ" ကို ဖြုတ်ပြီး "ဂျူယွန်း" လို့ခေါ် လိုက်တဲ့အခါလည်း ရှိပါတယ်။ မူရင်းဝတ္ထုထဲကအတိုင်း "ဂျီယွန်း" ဖြစ်လိုက် "ဂျူယွန်း" ဖြစ်လိုက် ရေးထားတာမို့ မရှုပ်ထွေးသွားဘဲ "ဂျီဂျူယွန်း" နဲ့ "ဂျူယွန်း" ဟာ တစ်ယောက်တည်း ဖြစ်ကြောင်း ပြောချင်ပါတယ်။ "ဘတ်ဆောအွန်း" လည်း အလားတူပါပဲ။ ဒါကိုတော့ ကိုရီးယား ဒရာမာတွေနဲ့ ရင်းနှီးသူဆိုရင်တော့ အထွေအထူး ပြောပြနေစရာ မလိုဘူးလို့ ထင်ပါတယ်။ နောက်တစ်ချက်က "စုံစမ်းစစ်ဆေးရေးမှူး" ဆိုတဲ့ အသုံးပါ။ Profiler ကို ကျွန်မက "စုံစမ်းစစ်ဆေးရေးမှူး" လို့ သုံးထားပါတယ်။ သံသယရှိသူကို နည်းပရိယာယ်တွေ သုံးပြီး အပြစ်တွေကို ဝန်ခံလာအောင် စစ်ဆေးမေးမြန်းရတဲ့ သူမို့ပါ။ အချို့ကတော့ အင်္ဂရုပ်ခွဲသူလို့လည်း သုံးကြပါတယ်။

မူရင်းစာရေးသူ ဆရာမကတော့...

"ကျွန်မဟာ အမှန်တရားဆိုတာနဲ့ ပတ်သက်ပြီး မကြာခဏ တွေးကြည့်ခဲ့ဖူးတယ်။ အမှန်တရားဆိုတာ သူ့အမှန်တရားအတိုင်း ရှိနေတာလား၊ ဒါမှမဟုတ် လူတွေလိုချင်တဲ့အတိုင်း ဖန်တီးထားတာလား ဆိုတာကိုပေါ့။ အဲဒါနဲ့ပဲ အမှန်တရားနဲ့ ယုံကြည်မှုကို အခြေခံထားတဲ့ ဒီဝတ္ထုကို ဖန်တီး ဖြစ်ခဲ့ပါတယ်" တဲ့။

mgyoe.com

mgyoe.com

ရသစာပေကို ချစ်မြတ်နိုးသူ ကျွန်မအတွက် ပထမဆုံး ဘာသာပြန်ရသဝတ္ထုမို့ အားနည်းချက်တွေ ရှိကောင်း ရှိနိုင်ပါတယ်။ တကယ်ကို လူကြိုက်များလွန်းတဲ့ လက်ရာတစ်ပုဒ်ကို ဘာသာပြန်ရတာ တာဝန်ကြီးပေမယ့် မြန်မာနိုင်ငံက စာဖတ်ပရိသတ်တွေဆီကို ဒီလိုကောင်းမွန်တဲ့ ဆယ်ကျော်သက်စာပေကို ဖတ်ကြည့်စေချင်တဲ့ စိတ်နဲ့ အရဲစွန့်လိုက်ရတာပါ။

အိမ်မိဆို

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ပထမနှစ် အထက်တန်း ကျောင်းသား

"ဩော်... ဘတ်ဆောအွန်းလား"

"ဘယ်သူ့ကို ပြောတာလဲ မသိဘူး။ ဘတ်ဆောအွန်းကို ပြောတာလား၊ သိတာပေါ့။ ကျွန်တော်နဲ့ တစ်ခန်းတည်းတော့ မဟုတ်ပေမယ့် ဒီတိုင်း ကျောင်းမှာ ဖြတ်သွားဖြတ်လာ အများကြီး တွေ့ဖူးပါတယ်။ တကယ်တော့ ကျွန်တော်တို့ ကျောင်းမှာ ဘတ်ဆောအွန်းကို မသိတဲ့သူ မရှိသလောက်ပဲ။ ပြီးတော့ ကျွန်တော် လည်း သူနဲ့ ပတ်သက်ပြီး သေချာတော့ မသိပေမယ့် သတင်းတွေကတော့ ကြားနေ ရတာပဲလေ။ ကြားရတဲ့ သတင်းကလည်း တော်တန်ရုံတော့ မဟုတ်ဘူး။ တစ်နေ့ တစ်မျိုးဆိုသလိုပဲ မရိုးရဘူး။ ဒီတော့ ကျောင်းသားတွေ ဘတ်ဆောအွန်းရဲ့ SNS ကို သွားရှာပြီး ကြည့်ကြတော့တာပေါ့"

"------------"

"ကျွန်တော်လည်း အဲဒီနေ့က တကယ် နှလုံးရောဂါရပြီ ထင်နေတာ။ တစ်ကျောင်းလုံး ယောက်ယက်ခတ်သွားတာကိုး။ အစကတော့ လုံးဝ မယုံသေးဘူး။ ကျောင်းထဲမှာ လူသေသွားတယ်ဆိုတာ ရုတ်တရက်ကြီး ဘယ်သူက ယုံမှာလဲ"

"ပြီးတော့ အဲဒီနေရာက အရင်တုန်းက စွန့်ပစ်ပစ္စည်းတွေ စုပုံတဲ့နေရာလို့ ပြောကြတယ်။ ကျွန်တော်တို့ ကျောင်းက အရမ်းကြာပြီမို့လား။ အဲဒီနေရာကို ခု ဘယ်သူမှလည်း မသွားကြဘူး။ ခြောက်ကပ်ကပ်နဲ့ ကြောက်စရာကောင်းတဲ့ နေရာ

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတော့လေ။ အတိအကျကြီးတော့ မဟုတ်ပေမယ့် အဲဒီဘက်က တစ်ခုခု ပေါ်လာသလိုလိုလည်း ပြောကြတယ်။ အားကစားကွင်းလည်း မဟုတ်ဘဲ အမှိုက်ပုံဟောင်းကြီးဘက်ဆိုတော့ ဘယ်သူက သွားမှာလဲ"

"--------"

"မဟုတ်ပါဘူး၊ ကျွန်တော် မမြင်လိုက်ဘူး။ အခြားကျောင်းသားတွေဆီက ကြားရတာပါ။ ပထမဆုံး မြင်လိုက်တဲ့ ကျောင်းသားဆို အသံကုန်အော်တာပဲ၊ ပြီးတော့ အတော်လေးကြာမှ ရဲတိုင်ဖို့ သတိရတော့တာတဲ့။ ဆရာမတွေကတော့ နောက်မှ စုပြုံရောက်လာကြတာ၊ ဒါမျိုးဆိုတာ နဂိုကတည်းက ခြေတစ်လှမ်းနောက်ကျတတ်တာကိုး၊ တစ်ယောက်ယောက်က ဆရာ၊ ဆရာမတွေ ရုံးခန်းကို ပြေးပြီး သွားပြောတော့မှ သိလာကြပုံပေါ်တယ်။ မဟုတ်ရင် ရဲတွေရောက်လာပြီးမှ ဆရာမတွေ သိလောက်တယ်"

"----------"

"ဘတ်ဆောအွန်းနဲ့ ပတ်သက်ပြီး ဆရာမတွေ သိကြလားလို့ မေးတာလား၊ ဘယ်သိမှာလဲ၊ ဘတ်ဆောအွန်း သေတာကိုတောင် အတော်ကြာပြီးမှ သိကြတာကို၊ ကျွန်တော်ကတော့ ဆရာမတွေ မသိလောက်ဘူးလို့ ထင်တာပဲ။ ကျွန်တော်လည်း ဘတ်ဆောအွန်းက ကျောင်းမှာ ဝိုင်းပယ်ခံထားရတယ်ဆိုတာ မသိဘူး။ အလယ်တန်းမှာတော့ ကျောင်းသားတွေက သိပ်မရင့်ကျက်ကြသေးတော့ ဝိုင်းပယ်တယ်ဆိုတာမျိုး ရှိနိုင်တာပေါ့။ အထက်တန်းမှာကျတော့ ကိုယ်နဲ့ အဆင်မပြေတဲ့ ကလေးတွေ ရှိနိုင်ပေမယ့် ဝိုင်းပယ်ခံထားရတဲ့ကျောင်းသား မရှိဘူးလောက်ဘူးလို့ ထင်ခဲ့တာ။ ဒါပေမယ့် ဂျီဂျူယွန်းက ဘတ်ဆောအွန်းကို ဝိုင်းပယ်ကြဖို့ ပြောတယ်လို့ ကြားတာပဲ။ သိပ်အနိုင်ကျင့်တာမျိုးထိ မဟုတ်ဘဲ အပေါင်းအသင်း မလုပ်ကြဖို့ ပြောရုံနဲ့ တူပါတယ်။ ဘတ်ဆောအွန်း သေသွားတော့ အဲဒီကျောင်းသူတွေလည်း အတော်လေး ထိတ်လန့်ကုန်ကြတာပေါ့"

"ပထမကတော့ သူ့ကိုယ်သူ သတ်သေတယ်ပဲ အားလုံးက ထင်နေကြတာ။ ဂျီဂျူယွန်းက သတ်လိုက်တယ်လို့ ဘယ်သူက ထင်မှာလဲ။ စိတ်ကူးတောင် ယဉ်လို့မရတဲ့ ကိစ္စကြီးလေ။ နောက်ဆုံးတော့လည်း ဂျီဂျူယွန်းကြောင့်ပဲ ကျွန်တော်တို့ကျောင်း နာမည်ပျက်ရပြီ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျောင်းသူတစ်ယောက် သေသွားတဲ့ ကျောင်းမှာ ဘယ်သူက တက်ချင်ပါတော့မလဲ"

"တချို့ကျောင်းသူတွေဆို အဲဒီအဖြစ်အပျက် ဖြစ်ပြီးတဲ့နောက်မှာ အတန်း

mgyoe.com

mgyoe.com

တောင် သေချာ မတက်နိုင်ကြတော့ဘူး။ ဘာမှ မမြင်လိုက်တဲ့ ကျွန်တော်တောင် သတင်းကြားပြီး အိပ်မက်ဆိုးတွေ မက်ပါတယ်ဆိုနေ၊ အဲဒီကြားထဲမှာပဲ ကျောင်း မလာတဲ့ ကျောင်းသားတွေထက် အဆင့်တက်အောင်ဆိုပြီး ကောက်ကာငင်ကာ စာကြိုးစားတဲ့သူတွေလည်းရှိရဲ့။ တကယ် အံ့ဩစရာပဲ။ တက္ကသိုလ်မသွားနိုင်တော့ ရင်ပဲ သရဲပဲ ပူးခံရတော့မလိုနဲ့၊ တကယ်ကို ကြောက်လန့်တကြားနဲ့ဗျာ"

"-------"

"ဂျိဂျူယွန်းလား၊ သူ့ကိုတော့ ကျွန်တော် သေချာမသိဘူး။ တောက်တောက် ပြောင်ပြောင်တော့ ရှိတယ်။ စာလည်း နည်းနည်းပါးပါးတော်ပုံပါပဲ။ ပြီးတော့ လှ တယ်။ ကျွန်တော့်သူငယ်ချင်းတွေ ပြောကြတာတော့ ဂျိဂျူယွန်းနဲ့ ဘတ်ဆောအွန်း က အတော်လေး ရင်းရင်းနှီးနှီး ရှိတယ်တဲ့။ အလယ်တန်းကတည်းက ခင်ခဲ့ကြပြီးတော့ အမြဲတမ်း တပူးပူး တတွဲတွဲပဲတဲ့"

"----------"

" အဲ့ဒါကြောင့် ပြောတာပေါ့။ ဒီလောက်ရင်းနှီးပါလျက်နဲ့ ဘာလို့ သတ်ခဲ့ ပါလိမ့်။ ဒါနဲ့ ခု ကျွန်တော် ဖြေတာတွေကို ရုပ်သံမှာ ပြန်လွှင့်မှာလား၊ ဘယ်နှနာရီမှာ လွှင့်မှာလဲဗျ"

"----------"

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ရွှေနေကင်မ်

ဂျူယွန်းက ရွှေနေကင်မ်ကို လက်လျှော့သလို စိတ်ပျက်ပုံနဲ့ ငေးကြည့်နေလိုက်တယ်။ ရွှေနေကင်မ် ကတော့ သူ မှန်တယ်ထင်တဲ့အရာကို ဖြစ်မြောက်အောင်လုပ်တတ်တဲ့ တဇွတ်ထိုးသမားဖြစ်ပြီး သူ့ဘဝမှာ ကျရှုံးတာ၊ အပြစ်ရှိစိတ် ဝင်တယ်ဆိုတာမျိုးတွေ တစ်ခါမှ ခံစားဖူး၊ ဖြစ်ဖူးတဲ့ အမျိုးသမီး မဟုတ်။ ဒီတစ်ခေါက်ဂျူယွန်းရဲ့ အမှုနဲ့ပတ်သက်ပြီးတော့လည်း သေချာပေါက် သူနိုင်မှာပဲလို့ ယုံကြည်နေသူ။

ခဏနေတော့ ရွှေနေကင်မ်က လိုအပ်တဲ့ စာရွက်စာတမ်းတွေကို နေရာချပြီး အလျှင်လိုနေသလို တစ်ခုခု ချရေးလိုက်ပြီး ခပ်ပါးပါးလေး ပြုံးလိုက်တယ်။

"အကြမ်းဖျင်းတော့ ရသွားပြီ။ ကဲ... တစ်ခေါက်လောက် ပြန်ပြောကြည့်ရအောင်၊ ဒီတော့ ဆောအွန်းကို မင်း မသတ်ခဲ့ဘူး၊ ဟုတ်တယ်မို့လား"

ရွှေနေကင်မ်ရဲ့အမေးကို ဂျီယွန်းက မဖြေဘဲ စိတ်တိုသလိုပုံမျိုးနဲ့ တစ်ချက်ကြည့်လိုက်ပြန်တယ်။

"ဆောအွန်းနဲ့ မင်းက အလယ်တန်းကတည်းက တကယ့်ညီအစ်မအရင်းတွေလို ခင်ခဲ့ကြတာ၊ လောကကြီးမှာ နှစ်ယောက်မရှိတဲ့ ဆက်ဆံရေးမျိုးနဲ့ ခင်ခဲ့ကြတာ၊ အမြဲတမ်း ဒါကို လက်ခံထားရမယ်၊ ကြားရဲ့လား"

ရွှေနေကင်မ်က ဂျီယွန်းကို ကြည့်ပြီး ပြောလိုက်ရင်းက သူ ပြောတဲ့အတိုင်း

mgyoe.com

သာ လိုက်လုပ်ရင် ဘာပြဿနာမှမရှိဘဲ ဒီအမှုကို ကောင်းကောင်း ဖြေရှင်းနိုင်သွားမှာလို့ ဆက်ပြောတယ်။ ဒါပေမယ့် ဂျီယွန်းကတော့ ရှေ့နေကင်မ်ကို နည်းနည်းမှ စိတ်တိုင်းမကျလှ။ အဖေ့ဆီက ပိုက်ဆံတွေ အများကြီး ယူထားတယ်ဆိုတာလည်း အသိသာကြီး။

ပိုက်ဆံတွေ အများကြီးယူပြီး ရှေ့နေအလုပ်ကို လုပ်တာ၊ ပြီးတော့ အဲဒီရှေ့နေဆိုတာကလည်း ဘာအပြစ်မှမရှိတဲ့သူကို ရှေ့နေလုပ်ပေးရတာ။ ဒီလောက်လွယ်ကူတဲ့အလုပ် လောကကြီးမှာ မရှိတော့ဘူးလို့ ဂျီယွန်းတော့ ထင်တာပဲ။ အဲဒီလောက် လွယ်ကူတဲ့ အလုပ်ကို လုပ်နေပေမယ့် ရှေ့နေကင်မ်ကတော့ တကယ့်ကိုခက်ခဲတဲ့ အလုပ်ကြီးကို လုပ်နေရသလို ပုံမျိုးနဲ့ပေါ့။ ကိုယ့်ကိုယ့်ကိုယ် အရာအားလုံးကို ဖြေရှင်းနိုင်တဲ့သူလို လုပ်နေတာတွေကိုလည်း စိတ်ထဲသဘောမတွေ့။ ဂျီယွန်းပြောသမျှ ဘာမဆိုနားထောင်ပေးပြီး၊ ယုံကြည်ပေးပြီးတော့ နောက်ဆုံးတော့ ဘာမှ မကြားခဲ့သလို၊ သူပဲ ဘာမှနားမထောင်ခဲ့ရသလို အခြားသူတစ်ယောက် ဖြစ်သွားပြန်ရော။

"ရဲတွေဆီမှာ လက်ဗွေရာ သက်သေရထားတယ်ဆို"

"ဩော်... အဲဒါလား"

ဂျီယွန်း မေးလိုက်တော့ ရှေ့နေကင်မ်ရဲ့ နဖူးကြောတွေ အနည်းငယ်ထောင်ထလာတယ်။

အဲဒီနေ့က အုတ်ခဲနဲ့ ခေါင်းကိုရိုက်ခံရပြီးတော့ ဆောအွန်း သေဆုံးသွားခဲ့ရတာ။ အစပိုင်းမှာတော့ သူ့ကိုယ်သူ အဆုံးစီရင်တယ်ဆိုတဲ့ သတင်းတွေ ထွက်လာခဲ့သေးတယ်။ အဲဒီနောက်ပိုင်း သတ်သေတာ မဟုတ်ဘူးဆိုတဲ့ သက်သေတွေကို ရှာတွေ့ခဲ့တော့ ကျောင်းကို နောက်ထပ်တစ်ခေါက် စုံစမ်းစစ်ဆေးရေးတွေ လုပ်ခဲ့ကြပြန်တယ်။ ဒီသတင်းတွေကို ဖုံးဖိဖို့ ကျောင်းကနေ ဘယ်လောက်ပဲ ကြိုးစားပါစေ သတင်းဟာ လိုက်လံဖမ်းဆုပ်လို့ မရနိုင်တဲ့ ဆေးလိပ်ငွေ့တွေလိုပဲ တဖြည်းဖြည်းနဲ့ ဝန်းကျင်တစ်ခုလုံး ပြန့်နှံ့သွားခဲ့ပါတယ်။

"ကျောင်းမှာ သေဆုံးသွားခဲ့တဲ့ ဆယ့်ခုနစ်နှစ်အရွယ် ကျောင်းသူလေး" ဆိုပြီးတော့ပေါ့။

အဲဒီလို သတင်းလေးတစ်ခုနဲ့တင် ပြည်သူတစ်ရပ်လုံးရဲ့ ဒေါသတွေကို အုံကြွလာစေခဲ့ပြီး ဆက်စပ်သံသယရှိသူအနေနဲ့ တစ်ကျောင်းတည်းတက်တဲ့ ဂျီယွန်းကို စစ်မေးတာတွေအထိပါ လုပ်လာတော့ ကိုရီးယားနိုင်ငံရဲ့ ဆယ်ကျော်သက်

mgyoe.com

mgyoe.com SAMPLE BOOK

ဥပဒေကို ပြန်ဆန်းစစ်ရတော့မယ်ဆိုတဲ့ အသံတွေပါ ထွက်လာကြတယ်။

အချို့ကကျတော့လည်း လူလို့တောင် ပြောဖို့မကောင်းတဲ့ ဂျီယွန်းလို ကျောင်းသူမျိုးကို သေဒဏ်ပေးပစ်ရမယ်ဆိုတဲ့ မှတ်ချက်တွေကလည်း အင်တာနက်မှာ ပလူပျံနေအောင် ရေးကြတယ်။ ပြည်သူတွေရဲ့ စိတ်ဝင်စားမှုကို အလွန်အကျူး ခံရတဲ့အမှု ဆိုတော့လည်း ရုပ်သံအစီအစဉ်တွေမှာ ဆောအွန်းနဲ့ ဂျီယွန်းဆိုတဲ့ ခေါင်းစဉ်နဲ့တောင် တသီးတသန့် လွှင့်ရလောက်တဲ့အထိကို ဖြစ်လာခဲ့ပါတယ်။

"နင် တကယ် သတ်ခဲ့တာလား"

ဂျီယွန်းရဲ့ အမေက ဂျီယွန်းကို ကြည့်ပြီး မေးလိုက်တယ်။ ပြီးတော့ စိတ်မပူပါနဲ့ အမေက အားလုံး ကြည့်စီစဉ်ပေးမယ်။ ဘာမှ စိတ်မပူနဲ့တဲ့။ တကယ်တော့ ဂျီယွန်းဟာ အမေ့ဆီက လိုတာထက် ပိုပြီး မျှော်လင့်နေမိတယ်နဲ့ တူပါတယ်။ ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး တုန်လှုပ်ခြောက်ခြားနေတဲ့ သမီးကို ကြည့်ပြီး "တကယ် သတ်ခဲ့တာလား" လို့ မေးရက်တဲ့ အမေ့နှုတ်ကနေ "စိတ်မပူနဲ့" ဆိုတဲ့ စကား ထွက်လာတယ်ဆိုကတည်းက ဂျီယွန်းဟာ ထင်ထားတာထက် ပိုပြီး ခက်ခဲ ပင်ပန်းရတော့မယ် ဆိုတာကိုလည်း သိလိုက်တယ်။

"မေးနေတယ်လေ တကယ်လားလို့"

"----------"

ဂျီယွန်းက ဘာမှမပြောဘဲ နှုတ်ဆိတ်နေလိုက်တော့ အမေ့မျက်လုံးထဲက ဒေါသတွေ လျှံထွက်လာကြပြီး ဂျီယွန်းကို စားမတတ်ဝါးမတတ် ကြည့်တယ်။

"နင်က ဘာတွေများ ချို့တဲ့နေလို့ အဲဒီလို လုပ်ရတာလဲ၊ ငါတို့ နင့်အတွက် ဘာမဆို လုပ်ပေးထားတာပဲမို့လား၊ မလုပ်ပေးနိုင်တာ ဘာရှိလို့လဲ၊ နင့်ကို မွေးကတည်းက လိုအပ်ချက်တစ်ခုမှ မရှိအောင် အားလုံး ဖြည့်ဆည်းပေးထားခဲ့တယ်။ စားစရာဆိုလည်း စားစရာ၊ ဝတ်စရာဆိုလည်း ဝတ်စရာ ဘာမဆို ပြည့်စုံအောင် ထားပေးတယ်လေ၊ ခုတော့ ဘာတွေ ဖြစ်ရပြန်ရတာလဲ၊ ပြောစမ်းပါဦး ပြဿနာက ဘာလဲဆိုတာ"

"----------"

"လူသေသွားတာဟဲ့၊ လူတစ်ယောက်လုံး သေသွားတယ်ဆိုတာ နင် သိလား၊ တကယ်ပါပဲ၊ ခု ငါ ပုံမှန်စိတ် ဖြစ်နိုင်ပါ့မလား၊ နင် ဘယ်လိုတောင်"

"----------"

"ဟဲ့ မေးနေတယ်လေ၊ နင် သတ်ခဲ့တာလားလို့၊ ဘာလို့ ဘာတစ်ခွန်းမှ

mgyoe.com

mgyoe.com SAMPLE BOOK

မပြောရတာလဲ"

အမေက တရစပ် အော်နေခဲ့ပြီး အဖေကတော့ ဂျီယွန်းကို မျက်နှာချင်းတောင် မဆိုင်ဘဲ တစ်ဖက်ကို လှည့်နေခဲ့ပါတယ်။ အခြားသူတွေ ဒီကိစ္စကို သိသွားကြမှာလည်း အတော်လေး စိုးရွံ့နေကြပုံပဲ။ ဒါမှမဟုတ် တစ်ဦးတည်းရှိတဲ့ သမီးကို အိမ်ထောင်စုစာရင်းထဲက ပယ်ပြီး ဘယ်တုန်းကမှ မသိခဲ့တဲ့သူလို ရှင်သန်သွားချင်နေကြတဲ့ပုံပါပဲ။ ဒီနေ့မှာ အဖေဟာ အသုံးမကျတဲ့ သမီးအတွက်ဆိုပြီး ကိုရီးယားနိုင်ငံမှာ အကောင်းဆုံး၊ အတော်ဆုံးဆိုတဲ့ ရှေ့နေကို ငှားခဲ့တယ်။

အမေ့ဆီက စိတ်ဆိုး ဒေါသထွက်တာကို ခံခဲ့ရတဲ့ အဲဒီနေ့၊ ဘာလို့ ဘာစကားမှ မပြောနိုင်ရတာလဲဆိုပြီး ဂျီယွန်းကို မျက်နှာလွှဲ ကျောခိုင်းခဲ့တဲ့ အဲဒီနေ့တုန်းက ဂျီယွန်း ပြောချင်ခဲ့တဲ့ စကားက တစ်ခွန်းတည်းရယ်။

"သမီးက မဟုတ်ဘူးလို့ပြောရင် အမေ ယုံပေးမှာလား"

"----------"

❑

"နားထောင်နေလား"

ဘယ်မှာမှန်း မသိတဲ့ နေရာတစ်ခုမှာ ဂျီယွန်းဟာ အိပ်နေရာက နိုးလာသလိုပဲ ကြောင်တောင်တောင် ဖြစ်နေတယ်။ ရှေ့နေကင်မ်က ဂျီယွန်းကို ကြည့်ပြီး ဘောပင်လ်နဲ့ စားပွဲကို တဒေါက်ဒေါက် ခေါက်လိုက်တယ်။

"ထပ်ပြီး ရှင်းပြမယ်နော်၊ ရဲတွေဆီမှာ ရရှိထားတဲ့ သက်သေက နှစ်ခုတည်းပဲ၊ တစ်ခုက မင်းပြောခဲ့တဲ့ အုတ်ခဲ၊ နောက်တစ်ခုက အဲဒီနေ့က ဆောအွန်းဆီကို မင်းပို့ခဲ့တဲ့ မက်ဆေ့"

အဲ့ဒီနေ့က ဆောအွန်းနဲ့ အကြီးအကျယ် စကားများခဲ့တာကို မှတ်မိနေတယ်။ ရဲတွေက ဘာလို့ ရန်ဖြစ်ခဲ့တာလဲလို့ ဖိအားပေးသလို မေးခဲ့ပေမယ့် ဘာလို့လဲ မသိ ခေါင်းထဲမှာ ရှင်းရှင်းလင်းလင်း ဘာမှထွက်မလာဘူး။ ဒါပေမယ့် ဆောအွန်းဘက်က တစ်ခုခုအမှားလုပ်ခဲ့တာတော့ သေချာတယ်။ ဘာလို့လဲဆိုတော့ ဆောအွန်းဆီကနေ "တောင်းပန်တယ်" ဆိုတဲ့ စကားကို အကြိမ်ကြိမ် ကြားခဲ့ရတယ်။ ပြီးတော့ ဂျီယွန်းကလည်း ဆောအွန်း အဲဒီလောက်ထိ တောင်းပန်နေတာတောင် ခွင့်မလွှတ်နိုင်တဲ့အထိ ဒေါသထွက် စိတ်ဆိုးနေခဲ့တာ။ အဲဒီ မက်ဆေ့တွေ အားလုံး ဂျီယွန်းရဲ့ ဖုန်းထဲမှာ ခုထိ ရှိနေသေးတယ်။

"ဂျီယွန်း၊ ခုထိ စိတ်ဆိုးနေတုန်းလား"

mgyoe.com

mgyoe.com SAMPLE BOOK

"တောင်းပန်ပါတယ်၊ ငါကပဲ အားလုံး တောင်းပန်ပါတယ်၊ ငါ မှားသွားခဲ့တယ်"

တောင်းပန်ပါတယ်လို့ပဲ တရစပ် ပို့နေတဲ့ ဆောအွန်းရဲ့ မက်ဆေ့တွေကို ဂျီယွန်းက ဘာတစ်ခုမှ ပြန်မဖြေဘဲ ကြည့်နေလိုက်ရင်း အတော်ကြာမှ မက်ဆေ့တစ်စောင် ပြန်ပို့လိုက်တယ်။

"ခဏနေရင် တွေ့ရအောင်"

အဲဒါဟာ ဂျီယွန်းက ဆောအွန်းဆီ ပို့ခဲ့တဲ့ နောက်ဆုံး မက်ဆေ့ပါ။

ရဲတွေကတော့ မက်ဆေ့ထဲမှာ ဂျီအွန်းက တွေ့ကြရအောင်လို့ ပြောထားတဲ့နေရာက ကျောင်းအနောက်ဘက်ပဲ မဟုတ်လားလို့ မေးလာတယ်။ ပြီးတော့ နှစ်ဦးသား တွေ့ကြတဲ့အခါမှာလည်း ဆောအွန်းက ဂျီယွန်းကို ထပ်တောင်းပန်တယ် မဟုတ်လားတဲ့။ ဒါပေမယ့် ဂျီယွန်းဟာ ဆောအွန်းကို ခွင့်လွှတ်လို့ မရနိုင်လောက်အောင် စိတ်ဆိုး ဒေါသထွက်နေခဲ့ပြီး မြေပြင်ပေါ်မှာ တွေ့ရတဲ့ အုတ်ခဲကို ကောက်ပြီး ဆောအွန်းကို ရိုက်ခဲ့တယ် မဟုတ်လားလို့ တရစပ် ပြောနေပြန်တယ်။

ရဲတွေ ပြောတဲ့ အဲဒီ စကားလုံးတွေကို ကြားပြီး ဂျီယွန်း ဘာပြန်ပြောရမှန်းမသိ တွေဝေပြီး ရှုပ်ထွေးသွားတယ်။ ငါ တကယ်ပဲ အဲဒီလိုလုပ်ခဲ့တာလား။ တကယ်ပဲ ငါက ဆောအွန်းကို သတ်ခဲ့တာလား။ တကယ်လားဆိုတာလည်း ဘာတစ်ခုမှ မသိတော့ပြန်ဘူး။ ငါကရော ဘာလို့ အဲဒီလောက်တောင် ဒေါသထွက်နေခဲ့တာလဲ။ ဆောအွန်းကရော အသည်းအသန် တောင်းပန်နေရလောက်အောင် ဘာအမှားတွေများ လုပ်ထားလို့လဲ။

မဟုတ်သေးဘူး။

စိတ်ထဲ ကွက်ကွက်ကွင်းကွင်း မှတ်မိနေသေးတယ်။

ဆောအွန်းကို သတ်ခဲ့တာ ဂျီယွန်း မဟုတ်ဘူး။ ဂျီယွန်း မသတ်ဘူး။

ဘယ်လောက်ပဲ ဂျီယွန်း မသတ်ခဲ့ဘူးလို့ ပြောနေပေမယ့် ရဲတွေကတော့ သေချာတယ် ဂျီယွန်းက ဆောအွန်းကို သတ်ခဲ့တာတဲ့။ အုတ်ခဲကနေ ဂျီယွန်းရဲ့ လက်ဗွေရာကို တွေ့ခဲ့ရပြီး ဆောအွန်းနဲ့ အပြန်အလှန် ပို့ခဲ့တဲ့ မက်ဆေ့ဟာလည်း တကယ့်ကို အချိန်ကိုက်ပဲတဲ့လေ။ ရှိသမျှအကြောင်းအရာတွေ အားလုံးဟာ ဂျီယွန်းကိုပဲ တရားခံအဖြစ် ညွှန်ပြနေကြတာ။ ဂျီယွန်းဟာ ဒီအကြောင်းအရာတွေကို မသိချင်ယောင် ဆောင်နေတာ၊ ဒါမှမဟုတ် တအားကို တုပ်လှုပ်သွားလို့ အတွေးတွေ ရုတ်တရက် ပျောက်ရှသွားတာပဲ ဖြစ်မှာတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒီ အုတ်ခဲမှာ အခြားသူရဲ့ လက်ဗွေရာ ရှိနေတာကိုရော သိလား"

ရွှေနေကင်မ်က ဂျီယွန်းကို ဘာမှစိုးရိမ်စရာ မရှိဘူးဆိုတဲ့ အကြည့်နဲ့ ပြောလိုက်တယ်။

ဂျီယွန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး ပြီးခဲ့တဲ့ အဖြစ်အပျက်တွေကို ပုံဖော်တွေးကြည့်လိုက်တယ်။ ရဲတွေ ရောက်လာကြပြီး ဂျီယွန်းကို တရားခံဆိုပြီး စွပ်စွဲကြတဲ့အချိန်မှာ အဓိပ္ပာယ်မရှိလိုက်တာလို့ တွေးမိပြီး ရုတ်တရက် ပျာယာခတ်သွားတာပဲ။ အဲဒီနေရာမှာ ကျွန်မ မဟုတ်ပါဘူး၊ မသတ်ပါဘူးလို့ ပြောလိုက်ရင် ချက်ချင်း အဆင်ပြေသွားမယ်လို့ ထင်ခဲ့မိပေမယ့် အဆင်မပြေခဲ့တဲ့အပြင် တစ်ရက်ကနေ နှစ်ရက် သုံးရက်သာ ဖြစ်လာခဲ့ပြီး ရဲတွေရဲ့ စွပ်စွဲချက်ဟာ ဂျီယွန်းအပေါ် မပြေလျော့ခဲ့ဘူး။

"ခု ရဲတွေက မင်းကို တရားခံလို့ ပြောနေကြပေမယ့် တိကျတဲ့သက်သေ မရှိလို့သာ ဒီလို အချိန်ကြာနေတာပေါ့၊ သူတို့မှာသာ တိကျခိုင်မာတဲ့ သက်သေ ရှိရင် မင်းကို ခုချိန်ထိ လွှတ်ထားပေးစရာ အကြောင်းမရှိဘူး၊ တိကျတဲ့ သက်သေ မရှိလို့သာ ခန့်မှန်းချက်တွေနဲ့ စွပ်စွဲနေတာပဲ၊ ဒါကြောင့်မို့ ဘယ်သူတွေ ဘာပဲပြော ပြော ခုလိုပဲ မသတ်ခဲ့ဘူး၊ မလုပ်ခဲ့ဘူးလို့ပဲ ပြောရင်ရပြီ၊ ဘာအဓိပ္ပာယ်လဲဆိုတာ နားလည်တယ်မို့လား"

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အလယ်တန်း ပထမနှစ်က ကျောင်းနေဖက်

"ဘယ်သူလဲ မသိဘူး၊ ဩော် ရုပ်သံအစီအစဉ်ကလား၊ ကျွန်တော် သေချာ မသိပါဘူး၊ ခု သင်တန်းသွားရတော့မှာမို့ပါ"

"------"

"ဆောအွန်းကို သိတာပေါ့၊ ဆောအွန်းကိစ္စ ကြားပြီးတော့ တကယ် စိတ်မကောင်းဘူး။ ပြီးတော့ ကျွန်တော်လည်း သေချာမသိတော့ သက်သက်မဲ့ မသိဘဲ လျှောက်ပြောမိရာက အခြား သူငယ်ချင်းတွေ သိသွားရင် ကျွန်တော့်ကို တစ်မျိုးမြင်နိုင်လို့ပါ၊ ဒီလိုပြောရတာ နည်းနည်းတော့ အားနာပါတယ်"

"-------"

"မဟုတ်ဘူးလေ ခုနကပြောတော့ သိသလောက်လေးပဲ ပြောပြပေးရင် ရပြီဆို။ တကယ်ကို ကျွန်တော် သိထားတာ ဘာမှမရှိပါဘူး၊ အလယ်တန်းကို တစ်ကျောင်းတည်း တူတူတက်ခဲ့ရုံပါ၊ ပထမနှစ်မှာပဲ သူတို့နဲ့ အခန်းတူတာပါ၊ သိပ်ပြီး ခင်ခင်မင်မင်လည်း မဟုတ်တော့ အဲဒီနောက်ပိုင်း အဆက်အသွယ်လည်း မရှိတော့ဘူး"

"-------"

"ဘာလို့ ကျွန်တော့်ကို ဆောအွန်း အကြောင်း မေးရတာလဲ၊ တကယ်ပဲ သိသလောက် နည်းနည်းလေး ပြောပြပေးရင်ရပြီလား၊ ဒါနဲ့ ကျွန်တော် ဒီလို ပြော

mgyoe.com

တာက တကယ်ပဲ သက်သေတိုင်ကြားသူ ဖြစ်သွားမလား"

"------"

"ဗျာ... ကျွန်တော့်အသံကို အသံပြောင်းစနစ်နဲ့ လုပ်ပေးမှာ ဟုတ်လား။ ဒါပေမယ့်လည်း အသံကို သေချာဖျက်တာမျိုး မလုပ်ဘူးဆိုရင် အသံပိုင်ရှင်ဟာ ဘယ်သူဆိုတာ သိနိုင်တယ်လို့ ကြားဖူးတယ်။ အဆင်ပြေပါ့မလား၊ အသံမလွှင့်ဘဲ ဒီတိုင်း ပြောပြရုံနဲ့ မရဘူးလား၊ ကင်မရာပိတ်ပြီး အသံပြောင်းထားတာလောက်ပဲ ဖြစ်ဖြစ်ပေါ့"

"-----"

"ကျွန်တော်ကတော့ ဂျီယွန်းဟာ အတော်ကလေး ရိုးသားတယ်လို့ ထင်ခဲ့တာပါ။ ဆောအွန်းကတော့ မူလတန်းကတည်းက အတော်လေး အေးအေးဆေးဆေး နေတတ်တာ၊ ပြီးတော့ အများနဲ့မဟုတ်ဘဲ တစ်ယောက်တည်း နေတတ်တဲ့ပုံလေ၊ အလယ်တန်း ပထမနှစ်ကိုရောက်တော့ ကျောင်းသူတစ်ယောက်က မူလတန်းတုန်းက ဆောအွန်းကို အပယ်ခံဖြစ်ခဲ့ဖူးတာကို နှုတ်ဖွာပြီး လျှောက်ပြောရာက ဆောအွန်းနဲ့ ရင်းနှီးနေတဲ့ ကလေးအားလုံး ဆောအွန်းအနားက ခွာသွားကြတာပဲ။ တစ်ခါလောက် အပယ်ခံ ဖြစ်ခဲ့ဖူးတာနဲ့ပဲ ဆက်တိုက် အပယ်ခံဖြစ်ရမယ်လို့ ထင်နေကြတာလေ။ ပြီးတော့ ဝိုင်းပယ်ခံရတဲ့ ကျောင်းသားနဲ့ ပေါင်းရင် ကိုယ်ပါ ဝိုင်းပယ်ခံရမယ်ဆိုတဲ့ အတွေးမျိုးလည်း ရှိကြတယ်။ သူနဲ့ ပေါင်းရင် ဝိုင်းပယ်ခံရတာမျိုး မဟုတ်တောင် တစ်ခါတလေ အမြင်မကြည်တာလောက်တော့ ခံရနိုင်တယ်ဆိုပြီးပေါ့။ အဲဒီအချိန်မှာပဲ ဆောအွန်းအတွက် ဂျီယွန်းက ရန်ဖြစ်ပေးတာကို ကျွန်တော် မှတ်မိနေတယ်။ ဘယ်လို ပြောခဲ့ပါလိမ့်။ ဪ..."အပယ်ခံ ဖြစ်ခဲ့ဖူးတော့ ဘာဖြစ်လဲ၊ ဘာလုပ်ချင်လဲ၊ မူလတန်းက အကြောင်းတွေကို ခုမှလာပြီး ပြောနေရတဲ့ အကြောင်းက ဘာလဲ၊ သူများကိစ္စကို လက်လွတ်စပယ် ပြောတာ မရှက်ဘူးလား" လို့ ပြောခဲ့တာ ထင်တယ်။

"ဂျီယွန်း စကားပြောတာ တကယ်ကို တော်တာ၊ ပြီးတော့ စာလည်းတော်တယ်၊ သူနဲ့ စကားပြောရင် ဘယ်သူမှမနိုင်ဘူး၊ ဂျီယွန်းက ဆောအွန်းဘက်က ကာပြီး အဲဒီလို ပြောပေးလိုက်တဲ့အချိန်ကစပြီး ဆောအွန်းကို ဘယ်သူမှ မပြောရဲကြတော့ဘူး၊ ကျွန်တော် ထင်တယ်၊ ဆောအွန်းအတွက်တော့ ဂျီယွန်းဟာ စူပါမင်းလိုလို၊ အိုင်းရွန်းမင်းလိုလို သူရဲကောင်းဖြစ်ခဲ့မှာပဲ၊ အဲဒီနောက်ပိုင်း ဂျီယွန်းကြောင့်ပဲ ဆောအွန်းမှာ သူငယ်ချင်းတွေ များလာခဲ့တယ်လေ။ အစပိုင်းမှာတော့ ဆောအွန်းနဲ့ မပေါင်းချင်ကြဘူးပေါ့၊ ဂျီယွန်းကပဲ ဆောအွန်းအပေါ် အလိုက်အထိုက် ဆက်ဆံ

mgyoe.com SAMPLE BOOK

ကောင်းပေးခဲ့တော့ ဆောအွန်းကပါ ဂျီယွန်းကို ခင်တွယ်သွားခဲ့တာ ထင်ပါတယ်။

"ဂျီယွန်းကရော ဘယ်လို ကလေးမျိုးလဲ"

"ဂျီယွန်းကိုတော့ အားလုံးက ခင်မင်ပေါင်းသင်းချင်ကြတာပဲ၊ လှလည်း လှပြီး စာလည်း တော်တယ်၊ ပြီးတော့ သူ့မိဘတွေကလည်း ပိုက်ဆံချမ်းသာကြတယ်၊ အဲဒါနဲ့တင် ဂျီယွန်းမှာ သူငယ်ချင်း အထွေအထူး ရှာစရာမလိုဘဲ သူ့ဆီကို သူငယ်ချင်းတွေ ရောက်လာကြတာပဲ၊ ဂျီယွန်းက ဆောအွန်းကို သိပ်ခင်တော့ ဆောအွန်းနဲ့ ခင်ရရင် ဂျီယွန်းနဲ့ပါ အလိုလို ခင်သွားမှာပဲလို့ တွေးတဲ့သူတွေလည်း ရှိတယ်။ ဒီတော့ ဆောအွန်းအပေါ် ကောင်းပေးတဲ့သူတွေလည်း များလာတယ်"

"ဆောအွန်းကရော... ဘယ်လိုကလေးမျိုးလဲ။ ပွင့်ပွင့်လင်းလင်း ပြောပြလို့ ရတယ်မို့လား"

"ဟုတ်ကဲ့ ဆောအွန်းကတော့ နည်းနည်း ဘယ်လိုပြောရမလဲ၊ သိပ်မရိုးသားတဲ့ပုံ ပေါ်သလိုပဲ၊ စာလည်းမတော် မျက်နှာကလေး လှလားဆိုတော့လည်း မလှပြန်။ အိမ်ကလည်း ဆင်းရဲတော့ ယုံကြည်မှုလည်းမရှိဘူး။ အဲဒီလို ကျောင်းသူကို ဆို သိပ်ပြီး လိုလိုလားလား ပေါင်းချင်တဲ့သူ မရှိဘူးလေ၊ ဆောအွန်းက အဲဒီလို မျိုးပဲ"

"--------"

"ဒါပေမဲ့ သူငယ်ချင်းမိတ်ဆွေဖွဲ့တဲ့နေရာမှာလည်း အားလုံးက တွက်ချက်ကြတာပဲ။ ရုပ်ရည်၊ ကျောင်းစာ၊ အိမ်အခြေအနေ၊ အားလုံးကို ကြည့်ကြတာ၊ တိုက်ရိုက်ကြီးတော့ မဟုတ်ပေမယ့် လှပပြီး ကျောင်းစာအဆင့်ကောင်းတဲ့ သူမျိုးနဲ့ ခင်ချင်ကြတာချည်းပဲ၊ အဲဒါမျိုး မဟုတ်ရင်တောင် တအား ခင်မင်ချင်စရာကောင်းတဲ့ ပုံစံမျိုးဆိုရင် ကိစ္စမရှိပေမယ့် ဆောအွန်းကျတော့ ဘာတစ်ခုမှကို စိတ်တိုင်းကျချင်စရာ မကောင်းဘူးလေ"

"ကျွန်တော် သိတာ ဒါ အကုန်ပါ၊ ဂျီယွန်းက ဆောအွန်းကို သတ်ခဲ့တယ် ဆိုတာတော့ ကျွန်တော် မသိဘူး။ ဂျူယွန်းလို မိန်းကလေးက ဘာလို့ ဆောအွန်းကို အလေးပေး ဂရုစိုက်ခဲ့လဲပါလိမ့်၊ ဆင်းရဲတဲ့သူတွေကို ကူညီချင်တဲ့သူမျိုး ဖြစ်ချင်ခဲ့တာ များလား"

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# စစ်ဆေးရေးမှူး

"မင်္ဂလာပါ။ ဩော်... မင်းက ဂျူယွန်းကိုး"

ဒီအမျိုးသားကျပြန်တော့လည်း ပြီးခဲ့တဲ့ ရဲတွေနဲ့ ပုံစံက ကွဲထွက်နေပြန်ရော။ ပြီးခဲ့တဲ့ရက်တွေတုန်းက ရဲတွေရှေ့မှာ ဂျူယွန်းက ဘာစကားမှမပြောဘဲ ဆိတ်နေခဲ့တော့ စစ်ဆေးရေးမှူးနဲ့ ဂျူယွန်းကို တွေ့ပေးတော့တယ်။ စစ်ဆေးရေးမှူးဆိုတာ အခြားသူတွေထက် သံသယရှိသူကို ပိုမို ကိုင်တွယ်နိုင်ပြီးတော့ ပျော့ပျောင်းတဲ့ လေသံလေးနဲ့ သူ့ဘက်ပါလာအောင် သိမ်းသွင်းတတ်တာပဲ။ ဒါကြောင့်များလား ဖော်ရွေတဲ့ အပြုံးနဲ့ ဂျူယွန်းကို နှုတ်ဆက်လာတဲ့ စစ်ဆေးရေးမှူး ဦးလေးကြီးကို မြင်တာနဲ့ အဖေ့ကို တန်းပြီး မြင်ယောင်လာတယ်။ အဖေနဲ့ တူလွန်းလို့ မဟုတ်ဘဲ အဖေနဲ့ သိပ်ကို ကွဲပြားနေလို့ပဲ ဖြစ်ပါတယ်။

တကယ်တော့ ဂျူယွန်းအဖေဟာ သူ့စိတ်နှလုံးကို ဘယ်သူ့ဆီမှာမှ လွယ်လွယ်ထုတ်ပြတတ်သူ မဟုတ်ပါဘူး။ တစ်ခုခုမှာ အာရုံစူးစိုက်ပြီးတော့ အမြဲတစေ အလုပ်လုပ်နေတတ်တာ။ အဖေကတော့ အဲဒီလို အလုပ်တွေများပြီးနေတဲ့ သူ့ကို ဂျူယွန်းက ကျေးဇူးတင်ရမှာလို့လည်း အမြဲ ပြောတတ်တယ်။

"သမီး ခုလို ကောင်းကောင်းမွန်မွန်နေရတာ ဘယ်သူ့ကျေးဇူးကြောင့်လို့ ထင်လဲ"

အဖေ့စကားဟာ အမှန်တရားတွေ ဖြစ်လိမ့်မယ်ထင်ပါတယ်။ ရှင်သန်လာ

mgyoe.com

mgyoe.com SAMPLE BOOK


ခဲ့သမျှ ကာလပတ်လုံး ဂျူယွန်းမှာ အခြားတစ်ယောက်ရဲ့ ဘဝကို အားကျခဲ့ရတယ် ဆိုတာမျိုး မရှိ။ ဘယ်အချိန်မျိုးမှာမဆို နိုင်ငံခြားခရီးဆိုလည်း သွားလိုက်ရတာပဲ၊ နာမည်ကြီးအဝတ်အစားဆိုလည်း ဈေးနှုန်းတွေ ဘာတွေ တွက်ချက်ကြည့်နေစရာ မလိုဘဲ အများသူငှာထက် အရင် ဝတ်နိုင်တာပဲ။

ဒါပေမယ့် ဂျူယွန်းကတော့ အဲဒီလို ခရီးတွေ သွားနေရတာကို မပျော်ပါဘူး။ အဖေနဲ့ ခရီးထွက်ရတဲ့အခါတိုင်း လွတ်လပ်မှုကို မခံစားရဘဲ ခရီးထွက်နေရင်းတောင် အလုပ်တွေ လုပ်နေရတဲ့ အဖေ့မှာ သေချာအိပ်ရတာကိုလည်း မမြင်။ အမေဆိုလည်း တစ်နေရာရာကို ရောက်တာနဲ့ ဂျူယွန်းလက်ကိုဆွဲပြီး ဓာတ်ပုံတွေ ရိုက်တော့တာ။ ပြီးတော့လည်း သူ့တစ်ယောက်တည်း ဓာတ်ပုံတွေ ရိုက်ကြည့်ရင်း အလုပ်ရှုပ်နေပြန်တယ်။ ရိုက်ပြီးသမျှ ဓာတ်ပုံတွေကို သူ့မိတ်ဆွေ အပေါင်းအသင်းတွေဆီ ပို့ရင်း နိုင်ငံခြားခရီးတွေသွားနေကြောင်း ဂုဏ်ယူပြရတာ အမေ။ ဒီတော့ ဂျူယွန်းမှာ ကိုယ်ပျောက်လူသားတစ်ယောက်လို ခံစားနေရပြီး ပျော်စရာကောင်းတဲ့ ကိစ္စဆိုတာ မျက်တောင်တစ်ခတ်စာလေးတောင် မတွေ့ရဘူး။ အဲဒီလိုဆိုပေမယ့် ခရီးကိုမလိုက်ဘဲ နေလို့မရ။ မဖြစ်မနေ လိုက်ကို လိုက်နေရမြဲ။

"သမီးက မလိုက်လို့ မရဘူးလား" လို့ မေးမိလိုက်ရင်-

"သူများတွေ ဒီလောက် သွားချင်နေကြတဲ့ ခရီးကို ဘာလို့ မသွားချင်ရတာလဲ" ဆိုတဲ့ အမေ့ တုန့်ပြန်သံကို ပြန်ကြားရမြဲ။

ဂျူယွန်း သွားချင်သလား၊ မသွားချင်ဘူးလား။ လုပ်ချင်သလား၊ မလုပ်ချင်ဘူးလား ဆိုတာကို အမေဟာ ဘယ်တုန်းကမှ တွေးခဲ့ဖူးတာမဟုတ်။ ပြီးတော့ ဂျူယွန်း ကြိုက်တတ်သလား၊ မကြိုက်တတ်ဘူးလား မမေးမြန်းဘဲ ဈေးကြီးတယ်၊ ခေတ်စားနေတယ် ဆိုတာနဲ့ပဲ သူ့စိတ်ကြိုက်ဝယ်လာပြီး ဝတ်ခိုင်းတော့တာ။ အဲဒါကလည်း ခုမှမဟုတ် ဂျူယွန်း မွေးလာကတည်းက ဒီပုံစံပဲ။ တကယ်တော့ အမေဟာ ဂျူယွန်းကို မှန်ဘောင်ထဲက အရုပ်လို ဆင်ချင်တိုင်း ဆင်ပေး၊ လုပ်ချင်တိုင်း လုပ်ပေးလို့ရတဲ့ ဖြစ်တည်မှုသာသာ သဘောထားတယ်ဆိုတာကို မူလတန်းကတည်းက နားလည်ခဲ့တယ်။

"ဂါဝန်ရှည်ကြီးတွေ မဝတ်ချင်ဘူး။ သက်သောင့်သက်သာမှ မဖြစ်တာ၊ ဒီတိုင်း ဘောင်းဘီပဲ ဝတ်သွားတော့မယ်"

ဂျီယွန်းက အလိုမရှိကြောင်း ပြောပြတော့ အမေက ဂျီယွန်းပခုံးကို လက်နှစ်ဖက်နဲ့ ခပ်တင်းတင်း ဆုပ်ကိုင်လိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီအင်္ကျီ ဘယ်လောက်တန်ဖိုးရှိလဲသိလား၊ ဒီလိုအင်္ကျီမျိုး ဝတ်ချင်ပါတယ် ဆိုရင်တောင် မဝတ်နိုင်တဲ့ ကလေးတွေ သမီးတို့ကျောင်းမှာ အများကြီးပဲ"

"ဝတ်ရတာ အဆင်မပြေဘူးလေ"

"ဒါဆိုလည်း ကျောင်းရောက်မှ ဘောင်းဘီလဲဝတ်ရင် ဝတ်၊ ခုတော့ ဒါ ကို ဝတ်သွား"

တကယ့်ကို ဈေးကြီးတဲ့ အဝတ်အစားတစ်ခုခု ဝယ်ပေးပြီး ဂျူယွန်းကို ဝတ်ခိုင်းတဲ့ နေ့တွေဆို အမေဟာ ကျောင်းရှေ့ပေါက်ဝထိ လိုက်ပို့တတ်တယ်။ ကျောင်းရှေ့ရောက်ပြီဆိုတာနဲ့ ဂျူယွန်းပခုံးကို တင်းတင်းဖက်ပြီး အခြား ကျောင်းသူ တွေရဲ့ အမေတွေကို လိုက်လံ ပြုံးပြရတာ အမော။

ပြီးတော့ ဂျူယွန်းရဲ့ စိတ်ဘဝင်မကျနိုင်တဲ့ မျက်နှာပေးကို မသိဟန်ဆောင် ပြီး အခြားကျောင်းသား အမေတွေရဲ့ အကြည့်အာရုံကိုပဲ လိုက်လံ ဖမ်းဆုပ်နေ တတ်တာ။ အဲဒီအချိန်မျိုးမှာဆို ဂျူယွန်းမှာ ရှက်လွန်းလို့ မျက်နှာကို ဘယ်နား ထားရမှန်း မသိပေမယ့် အမေ့မှာတော့ သူသာ အများတကာထက် တော်တတ်တဲ့ အမေဆိုပြီး ဂုဏ်ယူဝံ့ကြွားနေတတ်တာပဲ။

"ဆောအွန်းနဲ့ ရင်းနှီးတယ်ဆို"

"..........."

"ဆောအွန်းကရော ဘယ်လို ကလေးမျိုးလဲ"

စစ်ဆေးရေးမှူးရဲ့ အမေးမှာ ဂျူယွန်းရဲ့ ဟိုး... နက်ရှိုင်းတဲ့ အတွင်းစိတ် ထဲကနေ ဝမ်းနည်းမှုဟာ စိမ့်တက်လာခဲ့တယ်။ ရင်ထဲကို တစ်ခုခုနဲ့ တူးဆွခံလိုက်ရ သလိုမျိုး ရင်တွင်းတစ်နေရာကို ထိသွားပြီးမှ ဝမ်းနည်းနာကျင်မှုတွေ အပြင်ကို တရိပ်ရိပ် တက်လာသလို ခံစားမှုမျိုး။ ဂျူယွန်းဟာ အဲဒီလို စိတ်အစိုင်အခဲတွေ တူးဆွခံလိုက်ရတော့ နှုတ်ခမ်းတွေကို တင်းတင်းစေ့ပိတ်ထားနိုင်ပေမယ့် မျက်ဝန်းထဲ မှာတော့ ပေါက်ထွက်မတတ် မျက်ရည်တွေ စီးကျနေခဲ့ပြီ။

တကယ်တော့ ရှေ့နေကင်မ် ပြောခိုင်းထားတဲ့အတိုင်း "မလုပ်ခဲ့ဘူး၊ မဟုတ်ဘူး" လို့ပဲ တွင်တွင်ငြင်းမယ်လို့ စဉ်းစားထားခဲ့တာ။ ဖြစ်နိုင်ရင် ဘာတစ်ခုမှ မပြောဘဲ နေမယ်ဆိုပြီး တွေးထားခဲ့တာ။ ဒါပေမယ့် ဆောအွန်းနဲ့ ပတ်သက်ပြီး မေးလာတဲ့ အခိုက်အတန့်၊ ဆောအွန်းဟာ ဘယ်လို ကလေးမျိုးလဲလို့ မေးလာတဲ့ အခိုက်အတန့်၊ ဂျူယွန်းတောင် မသိလိုက်ပါဘဲ နှုတ်ခမ်းတွေ ဖွင့်ဟနေပြီးပြီ။

"ဆောအွန်းကို ခုလိုလုပ်ခဲ့တဲ့ တရားခံကို မင်းလည်း သိချင်တယ်မဟုတ်လား၊

mgyoe.com

mgyoe.com SAMPLE BOOK

တရားခံကို ဖမ်းရမှာပေါ့"

"သမီး ဘာမှမလုပ်ခဲ့ပါဘူး"

ဂျူယွန်းက ပြောလိုက်တော့ စစ်ဆေးရေးမှူးရဲ့ မျက်ခုံးနှစ်ဖက်မှာ ရုတ်တရက် လှုပ်ရှားသွားပါတယ်။ ပြီးတော့ သူ နားလည်ပါတယ်ဆိုတဲ့ ဟန်ပန်မျိုးနဲ့ ဂျူယွန်းကို ကြည့်လိုက်တယ်။

"ဦးလေးကြီးကလည်း ဆောအွန်းကို မင်း သတ်ခဲ့တယ်လို့ ပြောတာမဟုတ်ပါဘူး"

"ညာတယ်"

ပထမဦးဆုံး ရဲတွေ ဂျူယွန်းကို လာရှာကြတဲ့ နေ့တုန်းက ဘာမှ မထိန်ချန်ထားဘဲ အမှန်အတိုင်း ပြောပြပေးရင် ရပြီလို့ ပြောခဲ့ကြပေမယ့် ဂျူယွန်းက ဘယ်လောက်ပဲ အမှန်တွေကို ပြောခဲ့ပြောခဲ့ ဘယ်သူမှ မယုံပေးခဲ့ကြဘူး။ သူတို့ပဲ အမှန်ကို ကြိုသိထားကြသလို အမှန်တိုင်းပြော၊ အမှန်တိုင်းပြောဆိုတာချည်းပဲ ဂျူယွန်းကို ဖိအားပေးခဲ့ကြတာ။ အဲဒီတုန်းက ဆောအွန်းကို မသတ်ခဲ့ပါဘူးလို့ မရေမတွက်နိုင်အောင် ပြောပြခဲ့ပြီးတာတောင် ဂျူယွန်းစကားကို မယုံခဲ့ကြဘူးလေ။

ရှေ့နေ့ကင်မ်ကတော့ သူ့ကိုပဲ ယုံကြည်နေပေးရင် အားလုံး အဆင်ပြေသွားမှာလို့ ပြောတာပဲ။ အဲဒီအချိန်မှာတော့ အဖေဟာ တကယ့်ကို အကောင်းဆုံး ရှေ့နေကို ငှားပေးထားတာပဲလို့ တွေးမိခဲ့တယ်။ အဲဒါကလည်း ဂျူယွန်းအတွက် မဟုတ်ဘဲ သူကိုယ်တိုင်အတွက်ပေါ့။ အဖေ့ကိုယ်တိုင်အတွက် ဒီလို အကောင်းဆုံး ရှေ့နေကို ငှားလာခဲ့တာပဲဖြစ်မှာ။

ရှေ့နေကင်မ်ကို သိပ်ပြီး စိတ်တိုင်းမကျချင်ပေမယ့် ခုချိန်မှာ ဂျူယွန်းအတွက် ယုံကြည်ရမယ့်သူဆိုလို့ ရှေ့နေကင်မ်တစ်ယောက်ပဲ ရှိတော့တယ်။ ဘယ်သူ့ကိုမှ ယုံလို့မရဘူး။ နောက်ထပ် ဘယ်လိုစကားမျိုးမှ မပြောမိစေနဲ့ဆိုပြီး ဂျူယွန်းဟာ ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း ပေးနေခဲ့တယ်။

"ဂျူယွန်း၊ ဦးလေးကြီး ခုလာခဲ့တာက ဆောအွန်းအကြောင်း ပြောချင်လို့လာခဲ့တာ။ ဂျူယွန်းအတွက်တော့ ဆောအွန်းက တကယ်ကို သူငယ်ချင်းကောင်းဖြစ်ခဲ့မယ် ထင်တယ်၊ ဟုတ်တယ်မို့လား"

စစ်ဆေးရေးမှူး စကားဆုံးတော့ ဂျူယွန်းက ခေါင်းကို ညိတ်ပြလိုက်တယ်။ တကယ်လည်း ဆောအွန်းဟာ အပြစ်အနာအဆာမရှိတဲ့ သူငယ်ချင်းကောင်းဖြစ်ခဲ့တာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

"ဆောအွန်းလို သူငယ်ချင်းကောင်းက ခုလိုဖြစ်သွားတာ တကယ် နှမြောဖို့ကောင်းတယ်၊ ဘယ်သူက ခုလိုဖြစ်အောင် လုပ်ခဲ့သလဲဆိုတာ မသိလို့ မဖြစ်ဘူးလေ၊ ဦးလေးကြီးက မင်း လုပ်ခဲ့တယ်လို့ ပြောနေတာ မဟုတ်ပါဘူး၊ တရားခံကို ဖမ်းနိုင်ဖို့အတွက် ပြောပြခိုင်းနေတာပါ။ ဦးလေးကြီးကို ကူညီနိုင်မယ်မို့လား"

တကယ်များလား။

တကယ်ပဲ ဒီဦးလေးကြီးက တရားခံကို ဖမ်းဖို့အတွက် ဒီလိုပြောနေတာများလား။ တခြား ရဲဦးလေးကြီးတွေလို သက်သေတွေအားလုံး ရထားပြီ။ အမှန်အတိုင်း ပြောပြ၊ ဝန်ခံရင် အပြစ်ပေါ့လျှော့ပေးမယ်ဆိုတဲ့ စကားမျိုးတွေ မပြောပုံထောက်ရင် တကယ်ပဲ တရားခံကို ရှာပေးမလို့ ထင်တာပဲ။

ဂျူယွန်းက ခဏလောက် တိတ်ဆိတ်တွေဝေသွားပြီး ခေါင်းညိတ်ပြလိုက်တယ်။ ဒီတော့ စစ်ဆေးရေးမှူးကလည်း ဂျူယွန်းကို အသာလေး ပြန်ပြုံးပြလိုက်တယ်။

"မင်းအတွက် ဆောအွန်းက ဘယ်လို သူငယ်ချင်းမျိုးလဲ"

"ဆောအွန်းက တကယ့်ကို ရိုးသားတဲ့သူပါ၊ ဆောအွန်းနဲ့အတူ ရှိနေရင် ပျော်ဖို့ကောင်းပြီး စိတ်သက်သာလည်း ရတယ်"

"ဆောအွန်းနဲ့ တကယ့်ကို ခင်မင်ရင်းနှီးခဲ့တာကိုး"

"ဟုတ်ကဲ့ အလယ်တန်း ပထမနှစ်ကတည်းကရယ်"

"ဒါဆို အမှတ်တရတွေလည်း အများကြီး ရှိမှာပဲ"

စစ်ဆေးရေးမှူးရဲ့ နှုတ်ကနေ ထွက်လာတဲ့ အမှတ်တရဆိုတဲ့ စကားကို ကြားလိုက်ရတော့ ဂျူယွန်းကို ရုပ်ရှင်တစ်ကား ဖွင့်ပြလိုက်သလိုပဲ ဆောအွန်းနဲ့အတူရှိခဲ့တဲ့ အချိန်တွေကို တန်းစီပြီး မြင်ယောင်လာတော့တယ်။

ကျောင်းရှေ့မှာ တော့ပူကီ အတူတူ ဝယ်စားခဲ့ကြတာတွေ၊ ထီးတစ်လက်ကို အတူဆောင်းပြီး အမိုးစွန်းအောက်အထိ အတူ လမ်းလျှောက်ခဲ့ကြတာတွေ၊ ဖိနပ်မှာ အပြန်အလှန် စာတွေရေးပြီး ညနက်တဲ့အထိ စာလုပ်ကြဖို့ ကတိပေးရင်းနှစ်ဦးသားတွေ့တာနဲ့ စကားဖောင်ဖွဲ့ စာမလုပ်လိုက်ရဘဲ အချိန်ကုန်သွားခဲ့တာတွေအထိ။ သေချာစဉ်းစားကြည့်ရင် ဆောအွန်းနဲ့အတူ ကုန်ဆုံးခဲ့တဲ့ အချိန်အားလုံးဟာ ဂျူယွန်းအတွက် တန်ဖိုးဖြတ်မရတဲ့ အမှတ်တရတွေချည်း။

"အဲဒီနေ့က ဆောအွန်းနဲ့ တွေ့ခဲ့သေးလား"

"ဟုတ်ကဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

"ဘယ်မှာ တွေ့ခဲ့တာလဲ"

"ကျောင်းအနောက်ဘက်မှာပါ"

"တွေ့ပြီးတော့ ဘာတွေလုပ်ခဲ့ကြလဲ"

ဟုတ်ပါရဲ့။ အဲဒီနေ့က ဆောအွန်းနဲ့တွေ့ပြီး ဘာတွေပြောခဲ့ပါလိမ့်။ စစ်ဆေးရေးမှူးရဲ့ အမေးအဆုံးမှာ ဂျူယွန်းမှာ ဘာပြောရမှန်းမသိ။ ဂျူယွန်း သေချာစဉ်းစားကြည့်တယ်။ အဲဒီနေ့က ဆောအွန်းဟာ အမှားတစ်ခုခု လုပ်ထားခဲ့တယ်နဲ့ တူပါတယ်။

အဲဒီနေ့က စာမေးပွဲရှိခဲ့ပြီး စာမေးပွဲပြီးတာနဲ့ ဆောအွန်းနဲ့ ကျောင်းအနောက်ဘက်မှာ တွေ့ဖို့ စီစဉ်ထားခဲ့တာ။ အမြဲတမ်း ဆူညံနေတဲ့ ကျောင်းသားတွေရဲ့ အသံတွေထဲကလွတ်ဖို့ တိတ်ဆိတ်တဲ့နေရာကို သွားကြဖို့ ဂျီယွန်းတို့နှစ်ဦး အမြဲ အားသန်နေကြတာ။ အဲဒီတိတ်ဆိတ်တဲ့နေရာ ဆိုတဲ့အထဲမှာ ကျောင်းအနောက်ဘက်ဟာလည်း တစ်ခုအပါအဝင်ပဲ။ အရင်တုန်းကတော့ အမှိုက်တွေပုံတဲ့နေရာဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ အမှိုက်လည်း မစွန့်ပစ်တော့ဘဲ အဲဒီအတိုင်း ထားလိုက်တော့တာ။ မသုံးတော့တဲ့ စားပွဲတွေ၊ ရုံးခန်းသုံးပစ္စည်းတွေ စုပုံနေပြီး ပြတင်းပေါက်ကနေ လွှင့်ပစ်ထားတဲ့ အမှိုက်တွေကလည်း ဟိုဟိုဒီဒီ ပြန့်ကျဲလို့။ သွားချင်စရာကောင်းလှတဲ့ နေရာတော့ မဟုတ်ပေမယ့် အခြားကျောင်းသူတွေရဲ့ အာရုံစိုက်တာကိုလည်း မခံရတော့ဘဲ ပြောချင်တဲ့စကားတွေကို လွတ်လွတ်လပ်လပ် ပြောနိုင်တဲ့နေရာတစ်ခု ဖြစ်တာမို့ ဂျီယွန်းတို့နှစ်ယောက် အမြဲ သွားကြတာပဲ။

"တောင်းပန်ပါတယ်၊ ငါ မှားသွားတယ်"

အဲဒီနေ့က ဆောအွန်းဟာ ဂျီယွန်းရှေ့မှာ ဒူးညွှတ်မတတ် တောင်းပန်နေခဲ့တာ။ သူငယ်ချင်းက ဒူးညွှတ်မတတ် တောင်းပန်နေတာကို မြင်တော့ ဂျူယွန်း သက်ပြင်းတစ်ချက် ချလိုက်မိတယ်။

"ဘာမှားသွားလို့လဲ"

"ဂျူယွန်း"

"ငါ့နာမည်ကို ခေါ်မနေဘဲ နင် ဘာမှားသွားတာလဲပဲ ပြော"

"အားလုံး ငါ့အပြစ်တွေပါဟာ"

"အဲဒါမို့ ဘာတွေ အမှားလုပ်ခဲ့တာလဲလို့၊ ငါတော့ နင်က ဘာအမှားလုပ်ထားလဲ သေချာမသိဘူး။ အဲဒီတော့ ပြောပြ"

ဆောအွန်းကို အော်လိုက်မိတဲ့ အခိုက်မှာပဲ ဂျီယွန်းဟာ အသိစိတ်ပျောက်

mgyoe.com

mgyoe.com SAMPLE BOOK

နေသလိုပဲ။ အဲဒီနေ့က အကြောင်းတွေကို ပုံဖော်ကြည့်ရုံနဲ့ ခုပဲ အဲဒီနေရာမှာ ရှိနေသလို ခံစားချက်ကြီး ဝင်နေမိတယ်။

ဒါပေမယ့်လည်း အဲဒီအထိပါပဲ။ အဲဒီနေ့က ဆောအွန်း ဘာကြောင့်တောင်း ပန်နေခဲ့တယ်ဆိုတာ၊ ဘယ်လိုအမှားမျိုးတွေ ကျူးလွန်ခဲ့တယ်ဆိုတာ၊ ဂျူယွန်းက ရော ဘာလို့ အသည်းအသန် ဒေါသထွက်နေခဲ့သလဲ ဆိုတာတွေကို ဘယ်လောက်ပဲ ကြိုးစားပြီး စဉ်းစားကြည့်ပါစေ ဘာတစ်ခုမှ မမှတ်မိတော့။

ဂျူယွန်းရဲ့ အမူအယာကို စောင့်ကြည့်အကဲခတ်နေတဲ့ စစ်ဆေးရေးမှူးကို ကြည့်လိုက်ပြီး ဂျူယွန်း ခေါင်းကို အသာလေး ယမ်းပြလိုက်တယ်။

"မသိတော့ဘူး၊ ဘာတစ်ခုမှလည်း မမှတ်မိတော့ဘူး"

"ဟုတ်လား၊ ဒါဆို ဒီနေ့ ဒီလောက်နဲ့ပဲ နားကြတာပေါ့"

အဲဒီနေ့က အဖြစ်အပျက်ကို မှတ်မိဖို့ ကြိုးစားကြည့်ရုံကလေးနဲ့ ဒီလောက် ထိ နာကျင်နေရတဲ့ ဂျူယွန်းကို ကြည့်ပြီး စစ်ဆေးရေးမှူးကတော့ နောက်ထပ်မှတ် မိတဲ့အရာ ရှိရင် အဲဒါက ဘာပဲဖြစ်ဖြစ် သူ့ကိုပြောပြဖို့ မှာသွားပါတယ်။

"နောက်ဆုံးတစ်ခုလောက်၊ စိတ်ထဲမှာ ဘယ်သူက ဆောအွန်းကို အဲဒီလို လုပ်သွားတယ်ထင်လဲ၊ စဉ်းစားမိတဲ့သူ ရှိလား"

စစ်ဆေးရေးမှူးကမေးတော့ ဂျူယွန်းမျက်လုံးတွေ တဖျတ်ဖျတ် ဖြစ်သွား ပြီး ဆောအွန်းရဲ့ သေဆုံးမှုနဲ့ ပတ်သက်ပြီး ကွန်ပျူတာမှာ ထည့်ထားတဲ့ ပရိုဂရမ် လုပ်ဆောင်ချက်တွေလို အပြေးအလွှား အလုပ် လုပ်ကြည့်ပြန်တယ်။

"သမီး သတ်ခဲ့တာ မဟုတ်ဘူးလေ"

အထိအခိုက် မခံတော့တဲ့သူလို တုန့်ပြန်လိုက်တဲ့ ဂျူယွန်းကို စစ်ဆေးရေး မှူးဟာ တစ်စက္ကန့်လေးတောင် အလွတ်မပေးဘဲ စောင့်ကြည့်နေလိုက်တယ်။

"မင်း သတ်ခဲ့တယ်ပါတယ်လို့ မပြောရသေးဘူးလေ"

"---"

ဂျူယွန်းက စစ်ဆေးရေးမှူးကို မျက်လုံးထောင့်တွေနီနေတဲ့ အထိတ်တလန့် မျက်နှာပေးနဲ့ ကြည့်နေလိုက်တယ်။ စစ်ဆေးရေးမှူးက ဂျူယွန်းနဲ့ မျက်လုံးချင်းဆုံ ပြီး နှုတ်ဆက်လိုက်တယ်။

"ဒါနဲ့ ဂျူယွန်း၊ အားလုံးက ဂျူယွန်း သတ်တာလို့ပဲ ပြောနေကြတယ်။ အဲဒါ ဘာကြောင့်လို့ထင်လဲ"

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အလယ်တန်း တတိယနှစ်က သူငယ်ချင်း

"သူငယ်ချင်းကောင်းကို တကယ် ချစ်ရှာတာပဲ၊ သူငယ်ချင်းကောင်းကို ဘယ်သူက အဲဒီလို လုပ်မှာလဲ၊ ဂျီဂျူယွန်းနဲ့ ဘတ်ဆောအွန်းက သူငယ်ချင်းတွေ မဟုတ်ဘဲ စာချုပ်စာတမ်းနဲ့ ပေါင်းနေရတဲ့ သူငယ်ချင်းပုံစံမျိုးပါ။ သူတို့နှစ်ယောက် အကြောင်း သေချာမသိတဲ့ သူတွေကတော့ သူငယ်ချင်းအရင်းကြီးတွေလို့ ထင်နေမှာပေါ့၊ တကယ်တော့ ဂျီဂျူယွန်းက လုံးဝ မကောင်းဆိုးရွားသာသာပဲ။ မကောင်းဆိုးရွား"

"--------"

"တစ်နေ့ ဒီလို နေ့မျိုး ရောက်လာမယ်ဆိုတာ ကျွန်တော် သိသားပဲ။ ကျွန်တော်၊ ဘတ်ဆောအွန်း၊ ဂျီဂျူယွန်း သုံးယောက်လုံး အလယ်တန်းတုန်းက တစ်ခန်းတည်း နေခဲ့ရတာ။ သိတဲ့သူတွေ သိလောက်မယ်။ တကယ်က ဂျီဂျူယွန်းက ဘတ်ဆောအွန်းကို အသုံးချနေတာ။ အစပိုင်းမှာ ကျွန်တော်လည်း သူတို့နှစ်ယောက် ကို တကယ့် သူငယ်ချင်းအရင်းကြီးတွေ ထင်ထားခဲ့တာ၊ ဒါပေမယ့် ကြာလာတော့ နည်းနည်း ထူးဆန်းလာတယ်လေ၊ ဘတ်ဆောအွန်းက ဂျီဂျူယွန်း ခိုင်းတဲ့အတိုင်း အားလုံးလုပ်တာ"

"-------------"

"သူငယ်ချင်းအတွက်ဆိုပြီး လုပ်ပေးတဲ့ သူတွေလည်း ရှိတော့ရှိနိုင်တာပေါ့၊

mgyoe.com

mgyoe.com

ဒါပေမယ့် သူငယ်ချင်းဆိုတာထက် အဆင့်ကိုကြည့်ပြီး ပေါင်းသင်းကြတဲ့သူတွေ ရှိတယ်လေ။ ကျွန်တော်တို့ထဲမှာ အဲဒီလိုနည်းနဲ့ သူငယ်ချင်းဖြစ်နေကြသူတွေ အများကြီးပဲ။ မိဘက ပိုက်ဆံချမ်းသာလို့ ကျောင်းမှာ အတော်အသင့် နာမည်ကြီးလို့ဆိုပြီး အဲဒီလို ကျောင်းသားမျိုးနဲ့မှ သူငယ်ချင်းဖြစ်ချင်ပြီး သူ့အနားမှာ နေချင်တဲ့သူတွေလည်း ရှိတယ်။ အဲဒီလို သူငယ်ချင်းနားမှာ နေနိုင်တဲ့သူနဲ့ ဒီတိုင်း ပေါင်းနေကြတဲ့ သူငယ်ချင်း ဘယ်တူပါ့မလဲ။

ဂျိဂျူယွန်းကတော့ အဆိုးဆုံး ဖြစ်မယ်ထင်တယ်။ တကယ့်ကို ဘတ်ဆောအွန်းနဲ့ပဲ တွဲတာ။ တစ်ခါတလေကျ ဂျိဂျူယွန်းက မြေခွေးလိုပဲ။ အဲဒါက ဘာလဲဆိုတော့ အပြင်ပန်းကတော့ စိတ်သဘောကောင်းချင်ဟန်ဆောင်ပြီး အတွင်းထဲမှာတော့ အခြားသူတွေကို အထင်အမြင် သေးနေတာလေ။ အဲဒီလို လူမျိုးတွေကို ကျွန်တော် ကြည့်လိုက်တာနဲ့သိတယ်။ ကျွန်တော်လည်း ထပ်တူခံခဲ့ဖူးတယ်။ ဆရာမတွေ ရှေ့မှာဆို ဘယ်လောက်တောင် ရိုးသားပြလိုက်သလဲ။ တကယ်ကို ကျက်သရေမရှိဘူး။

ပြီးတော့ ဘတ်ဆောအွန်းက အရူးလိုပဲ။ ရိုးသားလိုက်တာမှ လွန်ရော။ သူ့ကြည့်လိုက်ရင် အမြဲ ရယ်မောနေတတ်တာ။ သဘောကောင်းလွန်းတော့ အခြားသူငယ်ချင်းတွေကလည်း သူ့ကို ချစ်ခင်ကြတယ်။ ဒါပေမယ့် ဘတ်ဆောအွန်းမှာ အခြားသူငယ်ချင်းနဲ့ တွဲလို့ ခင်လို့ မရပြန်ဘူး။ ဘာလို့လဲဆိုတော့ အခြားသူငယ်ချင်းနဲ့ ခင်တာ၊ အတူတူ လျှောက်လည်တာကို ဂျိဂျူယွန်းသိရင် မလွယ်ဘူးလေ။ ဂျိဂျူယွန်းက ဒေါသတွေထွက်ပြီး အဲဒီမှာ ပွက်လောရိုက်တော့တာပဲ။

နင်နဲ့ ငါ ဒီလောက် ခင်ကြတာ၊ ငယ်သူငယ်ချင်းတွေ ဘာ၊ ညာနဲ့။ သူရှိလျက်နဲ့ နောက်တစ်ယောက်နဲ့ အပေါင်းအသင်း လုပ်ရသလား။ ရူးနေတာလားပေါ့။ တကယ် မလွယ်ဘူး။ ကျွန်တော်လည်း ဘတ်ဆောအွန်းကို နားမလည်ဘူး။ ဂျိဂျူယွန်းက ဒီလောက်ထိ ဆိုးနေရင်လည်း သူနဲ့ မပေါင်းနဲ့ပေါ့ဗျာ၊ ပြီးနေတာပဲ မဟုတ်လား။ ဒါပေမယ့် ပိုဆိုးတာက ဂျိဂျူယွန်းက ဒေါသထွက်ပြလိုက်တာနဲ့ ဘတ်ဆောအွန်းမှာ နေစရာမရှိအောင် လန့်ပြီး ကြောက်နေတော့တာ။ ကိစ္စကြီးတစ်ခုခုပဲ ဖြစ်တော့မလိုလို သူ့မှာ တောင်းပန်လို့ မဆုံးဘူး။ ဘယ်လို ပြောရမလဲ။ ဂျိဂျူယွန်းက ဘတ်ဆောအွန်းကို ထိန်းချုပ်ထားသလိုမျိုးပဲ။ ခု စဉ်းစားကြည့်ရင်လည်း အဲဒီအတိုင်းပဲ"

"................."

mgyoe.com

mgyoe.com
SAMPLE BOOK

"ဘယ်လောက်ထိလဲဆိုရင် ကျွန်တော်တို့ ကျောင်းသားတွေ အဖွဲ့လိုက် လုပ်ကြတဲ့ Project တွေ ရှိကြတယ်လေ။ အဲဒီတုန်းက ဆရာမတွေက ဖွဲ့ပေးတဲ့ အဖွဲ့အလိုက် ကျောင်းသားတွေ ရှိတယ်။ ပြီးတော့ Power Point တွေနဲ့ ရှင်းကြရတယ်။ အဖွဲ့လိုက် လုပ်ကြရတော့ ကိုယ့်အဖွဲ့အသားတွေ အချင်းချင်း ရင်းနှီးသွားကြရော။ အဲဒီတော့ ရင်းနှီးခင်မင်ကြတဲ့ သူငယ်ချင်းတွေ ကာရာအိုကေမှာ သီချင်းသွားဆိုကြ၊ စကားတွေ ဖောင်ဖွဲ့ကြတာ ထုံးစံပဲ။ အဲဒီတုန်းက ကျွန်တော်နဲ့ ဘတ်ဆောအွန်းနဲ့က တစ်ဖွဲ့တည်းသားတွေ ဖြစ်ခဲ့တာ။ အဲဒီမှာ ကျွန်တော် ဘာကို အတော်လေး အံ့ဩတုန်လှုပ်သွားလဲဆိုရင် ဂျိဂျူယွန်းက ဘတ်ဆောအွန်းကို ဘယ်သူနဲ့မှ ခင်လို့ရတယ်၊ ဘယ်သူနဲ့မှဖြင့် ခင်လို့မရဘူးဆိုပြီး စီမံတော့တာ။ တကယ်ပါဆို သူနဲ့တော့ ပေါင်း၊ သူနဲ့တော့ မပေါင်းနဲ့ဆိုပြီး ပြောတာ။ ဘတ်ဆောအွန်းကလည်း ဂျိဂျူယွန်း ပြောတဲ့အတိုင်း လိုက်လုပ်တာလေ။ သူနဲ့လည်း တစ်ဖွဲ့တည်း မဟုတ်ဘဲလေ။

အဲဒီမှာ ဂျိဂျူယွန်းက ဘတ်ဆောအွန်းကို ကျွန်တော်နဲ့ အပေါင်းအသင်း မလုပ်နဲ့လို့ ပြောလာတယ်။ သူက ဘုရင်မလား၊ ဘာလား။ အားလုံးကို သူ့စိတ်တိုင်းကျ လိုက်ပြီး ခြယ်လှယ်နေတာ။ ဘတ်ဆောအွန်းကို ဟိုလိုလုပ်ပါ ဒီလိုလုပ်ပါဆိုပြီး ပြောနေတာတွေကလည်း တကယ် အမြင်ကတ်စရာ။ ကျွန်တော်တို့ အဖွဲ့ကလည်း မဟုတ်ဘဲ ဝင်ပါနေလို့ ကျွန်တော်က "ငါတို့ အဖွဲ့ထဲ ဝင်မပါနဲ့၊ နင့်ကိစ္စသာ နင်ကောင်းအောင် ကြည့်လုပ်၊ ပြီးတော့ နင်က ဘုရင်မလား၊ ဘာလား။ ဘတ်ဆောအွန်းကို ဟိုလိုလုပ်၊ ဒီလိုလုပ် ပြောနေရအောင် နင်က ဘာလဲ" ဆိုပြီး ဂျိဂျူယွန်းကို ပြောပစ်လိုက်တယ်"

"---------"

အဲဒီတော့လား ဘာဖြစ်ရမှာလဲ ခုနက ပြောခဲ့တဲ့အတိုင်း ဘတ်ဆောအွန်းကို ကျွန်တော်နဲ့ မပေါင်းဖို့ ဖိအားပေးတော့တာပေါ့။ မူလတန်းကလေးတွေလည်း မဟုတ်ဘူးလေ၊ ပိုပြီး ရယ်ဖို့ကောင်းတာက ဘတ်ဆောအွန်းက အဲဒီနေ့က စပြီး ကျွန်တော့်ကို မခေါ်တော့တာပဲ။ စကားတောင် မပြောတော့ဘူး။ နောက်တော့မှ ဘတ်ဆောအွန်းက ကျွန်တော့်ကို တောင်းပန်ပါတယ် ဆိုပြီး လာပြောတယ်။ ကျွန်တော် သူ့ကို စကားသွားပြောရင်တောင် ဂျိဂျူယွန်း ရှိသလား၊ မြင်သွားသလား ကြည့်ရတာ အမော။

ဘာလို့ ဂျိဂျူယွန်း ပြောသမျှ လိုက်လုပ်ပြီး သူ့ကို ကြောက်နေရတာလဲ။ သူ့ မျက်ရိပ်မျက်ခြည်ကြည့်ပြီး နေတာလဲလို့၊ ပြီးတော့ ဘာလို့ သူခိုင်းတဲ့အတိုင်း

mgyoe.com

mgyoe.com

အားလုံး လိုက်လုပ်နေတာလဲလို့ ဂျိဂျူယွန်း မရှိတဲ့အချိန်မှာ ဘတ်ဆောအွန်းကို မေးဖူးတယ်။ အဲဒီတော့ ဘတ်ဆောအွန်းက ဘာပြောလဲ သိလား။

သူ့အတွက် ဂျိဂျူယွန်းက ပထမဆုံးသူငယ်ချင်း တဲ့။ ပြီးတော့ သူ့အပေါ် လည်း အင်မတန်ကောင်းပေးလို့ ကျေးဇူးတင်တယ်တဲ့။ ဘတ်ဆောအွန်း သူ တကယ် ရူးနေတာ မဟုတ်ဘူးလား။

ကျွန်တော်ကတော့ ဂျိဂျူယွန်းကို တွေးမိလိုက်ရင် တကယ်ကို ကြက်သီးတွေ ထတယ်။ ဘတ်ဆောအွန်းကို စကားလုံးတွေနဲ့ သိမ်းသွင်းပြီး ဦးနှောက်ဆေးထား သလိုပဲ။ ဒီတစ်ခေါက် ကိစ္စလည်း အဲဒီလိုပဲ။ စဉ်းစားကြည့်လိုက်တာနဲ့ ကြောက်စရာ မကောင်းဘူးလား။ ဘယ်လိုလုပ်ပြီး လူတစ်ယောက်လုံးကို သတ်နိုင်ရတာလဲ။ ကြည့်ရတာ ဒီတစ်ကြိမ်မှာ ဘတ်ဆောအွန်းက ဂျိဂျူယွန်း စကားကို နားမထောင် တော့လို့ ဖြစ်မယ်။ တကယ်တမ်းကျ ဘတ်ဆောအွန်းလည်း လူပဲလေ။ ဘယ်အချိန်ထိ ဂျိဂျူယွန်း ခိုင်းသလိုနေပြီး လုပ်နေနိုင်မှာလဲ။ အထက်တန်းကို ရောက်လာပြီဆို တော့ ဒီအတောအတွင်း ဘယ်လောက်တောင် အရူးကျခဲ့လဲဆိုတာ ဘတ်ဆောအွန်း သိလောက်ရောပေါ့။ ဂျိဂျူယွန်းရဲ့ အကျင့်စရိုက်အရဆိုရင် သူ ပြောတဲ့အတိုင်း မနေတော့တဲ့ ဘတ်ဆောအွန်းကို ဒီအတိုင်းထားမှာ မဟုတ်ဘူး။ ဒါက အသိသာကြီး"

"-------------"

"လောဘကြီးပြီး တစ်ကိုယ်ကောင်းဆန်တဲ့သူတွေ ရှိတယ်မို့လား။ ဂျိဂျူယွန်းက အဲဒီလိုပဲ။ သူ့အဖေကဆို ဂျိဂျူယွန်းကို ကြွက်ဖမ်းသလို ဖမ်းထားရ တယ်လို့တောင် ပြောဖူးတယ်။ ဂျိဂျူယွန်းကတော့ သူ့အဖေလို အောင်မြင်မှာဆိုပြီး စိတ်ကြီးဝင်နေတာပဲ။ ဘယ်နေရာမှာမဆို အမြဲ နံပါတ်တစ်ဖြစ်ပြီး အောင်မြင်ရမယ် ဆိုပြီး အထင်ရောက်နေပုံပဲ။ သူ့အဖေက ဒီလောက်ထိ ပိုက်ဆံတွေရှာပြီး ပြည့်စုံ အောင် ထားနိုင်တာတောင် စာကျ အဲဒီလောက်ကြီး မတော်ပြန်ဘူး။

ဂျိဂျူယွန်းက ဘတ်ဆောအွန်းကို သူ မသတ်ပါဘူးလို့ ပြောတယ်ဆို။ တကယ့်ကို မယုံနိုင်ဘူး။ မကောင်းဆိုးဝါးပဲ မဟုတ်လား။

ဒီလောက်ပြောပြရင် ဂျိဂျူယွန်းအတွက် အခွင့်မသာတော့ဘူးမို့လား။ ဘတ်ဆောအွန်း မတရား သေသွားရတာကို တွေးရင် အရမ်း စိတ်တိုတာပဲ။ ဒီထက် ပိုပြီး လိုအပ်တာ၊ သိချင်တာရှိရင် အချိန်မရွေး ဆက်သွယ်လို့ ရတယ်။ ကျွန်တော် သိသမျှ အားလုံး ပြောပြပါ့မယ်"

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ဂျူယွန်းရဲ့ အဖေ

ခေါင်းက တဖြည်းဖြည်းနဲ့ ပိုပြီး ကိုက်လာတယ်။ ဂျူယွန်း အဖေဟာ အမြဲတမ်းလိုလို ခေါင်းကိုက်တတ်ပေမယ့် ဒီတစ်ခါ ခေါင်းကိုက်တာက ပိုပြီး ဆိုးသလိုပဲ။ ခေါင်းကိုက်ပျောက်ဆေးချည်း နှစ်ကြိမ်ထက်မနည်း သောက်ခဲ့ပေမယ့် နည်းနည်းလေးတောင် မသက်သာဘဲ တစ်ယောက်ယောက်က ခေါင်းကို ထုရိုက်နေသလို ဆက်တိုက်ပဲ နာကျင်လာတယ်။

ခဏနေတော့ နားထင်နှစ်ဖက်ကို လက်နှစ်ဖက်နဲ့ နှိပ်ထားလိုက်ရင်းက စားပွဲပေါ်မှာတင်ထားတဲ့ မိသားစုဓာတ်ပုံကို ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်တယ်။

"သမီး"

ပြဿနာက သမီးပဲ။

တကယ်တမ်းကျတော့ ဂျူယွန်း အဖေဘဝမှာ ဘယ်သူတွေ ဘာပြောပြော ဂရုမစိုက်ဘဲ ကြိုးစားရှင်သန်လာခဲ့ရတာ။ မဟုတ်သေး။ ကြိုးစားရှင်သန်တယ်ဆိုတဲ့ စကားလေးလောက်နဲ့ ဖော်ပြရုံ မလုံလောက်တဲ့အထိ အရာရာကို တောင့်ခံပြီး ရှင်သန်လာခဲ့ရတာ။ ရွှေ့ဌာန်းကိုက်ပြီး မွေးဖွားလာတဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေရဲ့ ဘဝတွေနဲ့ အများကြီး ကွာခြားခဲ့တယ်။

အရက်လေး နည်းနည်းလေးသောက်တာနဲ့ အကြမ်းဖက်တတ်တဲ့ အဖေနဲ့

mgyoe.com

mgyo e.com

ဘဝရဲ့ အဓိပ္ပာယ် ပျောက်ဆုံးနေတဲ့ အမေနဲ့ အတူနေထိုင်ရတဲ့ ဘဝထဲကနေ လွတ်မြောက်ဖို့ မသေရုံတမယ် အလုပ်တွေ လုပ်ရင်း နေထိုင်ခဲ့ရတယ်။ ဆင်းရဲခြင်းဆိုတဲ့ ငရဲထဲကနေ လွတ်မြောက်ဖို့အတွက် ဒီအတောအတွင်း ဘယ်လောက်တောင် ပင်ပန်း ဒုက္ခခံခဲ့ရသလဲ။ တစ်ခါလေးတောင် အေးအေးချမ်းချမ်း သေချာမအိပ်ခဲ့ရ။ ခုတော့ အဲဒီလို ဘဝမျိုးကို ပြန်ဆွဲခေါ်ခဲ့တဲ့သူက သမီးတဲ့လား။ ဒီအတောအတွင်း သမီးအတွက်ဆိုပြီး ဘယ်လောက်တောင်မှ ကြိုးစားခဲ့သလဲ။ သူ့လို ဘဝမျိုးမှာ မနေစေချင်လို့ ဘယ်လောက်တောင်မှ ရုန်းကန်ခဲ့ရသလဲ။

ဘာအစွမ်းအစမှ မရှိဘဲ မိဘနောက်ခံနဲ့ ကောင်းစားနေတဲ့ သူငယ်ချင်းတွေကို အားကျခဲ့ရတဲ့ အချိန်တွေကို ပြန်သတိရမိတယ်။ ကိုယ်တိုင်ကျ စွမ်းဆောင်နိုင်တာ ဘာတစ်ခုမှမရှိဘဲ ကြိုတင်စီမံပေးထားတဲ့ နေရာကောင်းမှာ ထိုင်လိုက်ရုံ လူတွေကို မြင်ရတိုင်း မမျှတတဲ့ လောကကြီးကို ကျိန်ဆဲမိတယ်။ ရွံစရာကောင်းတဲ့ လောကကြီးကို တံတွေးနဲ့ ထွေးပစ်ချင်ခဲ့တယ်။ သမီးကို အဲဒီလိုဘဝမျိုး မရောက်စေချင်ခဲ့။ အရာအားလုံး သမီးအတွက် ကြိုးစားခဲ့တာချည်း။

ဒါပေမယ့် အဲဒါတွေဟာ ခုတော့ သဲထဲရေသွန် ဖြစ်ခဲ့ရပြီ။ သမီးအတွက် သေမတတ် ကြိုးစားခဲ့ရတာတွေဟာ ဘာတစ်ခုမှ အသုံးမဝင်တော့ဘဲ သမီးပေးခဲ့တဲ့ အမှိုက်တွေပဲ ကျန်ခဲ့တော့တယ်။

ဂျူယွန်းဟာ သူ့သူငယ်ချင်းကို သတ်စရာ လုံးဝ မရှိဘူးလို့ ထင်တာပဲ။ မဟုတ်သေး တကယ်လို့ သမီးက သူ့သူငယ်ချင်းကို တကယ် သတ်လိုက်တယ် ဆိုပါစေဦး အဲဒီအမှန်တရားကို ဖော်ထုတ်ပစ်လိုက်လို့တော့ လုံးဝမဖြစ်ဘူး။ သမီးဘဝ ပျက်စီးဆုံးရှုံးတယ်ဆိုတာ အဖေဘဝလည်း ပျက်စီးတာနဲ့ တူတူပဲ မဟုတ်လား။ ဒါဟာ တစ်ဘဝလုံး အမှောင်ထဲမှာပဲ ပျောက်ရှသွားတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ မဖြစ်ဘူး။

တကယ်ပဲ ဘယ်ကစပြီး မှားယွင်းသွားသလဲဆိုတာ စဉ်းစားလို့ကိုမရ။ သမီးအပေါ်မှာ လေသံမာမာနဲ့တောင် တစ်ခါ မပြောဖူးခဲ့။ သူ့လို မဖြစ်ရအောင် အစွမ်းကုန် ကြိုးစားထိန်းပြီး အဆင်မပြေတဲ့ ပုံစံမျိုးကိုလည်း သမီးရှေ့မှာ မပြခဲ့။ အမြဲတမ်း ခရီးတွေ လိုက်ပို့ပေးပြီး တစ်လမှာ သုံးကြိမ်လောက်တော့ အကောင်းဆုံး စားသောက်ဆိုင်မှာ မိသားစု သွားစားလိုက်တာပဲ။ သမီးမွေးနေ့ ရောက်တိုင်းလည်း လိုချင်သမျှ ပစ္စည်းတွေ ဝယ်ပေး၊ သူများဘဝကို အားမကျဘဲ ကိုယ့်ဘဝကို ကျေနပ်ဖို့အတွက် အတတ်နိုင်ဆုံး ပြုစုပျိုးထောင်ခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်နေရာမှာမဆို အကောင်းဆုံး ဖြစ်ရမယ်ဆိုပြီးတော့လည်း တစ်ခါမှ တွန်းအားမပေးခဲ့။ သမီးဆီမှာရှိတဲ့ လိုအပ်ချက်၊ အားနည်းချက်တွေကို ဖြည့်စွက်ဖို့အတွက် အကောင်းဆုံးဆရာတွေကို ငှားပြီး သင်ပြစေခဲ့တယ်။ မိဘဆိုတာ သားသမီးအတွက် အဲဒီလောက် လုပ်ပေးတာကို ဖိအားပေးတယ်လို့ မပြောနိုင်ဘူးမလား။ ဘာမှ တွေးပူနေစရာ မလိုဘဲ ပြီးပြည့်စုံတဲ့ အရာတွေကိုပဲ ဖန်တီးပေးခဲ့ပေမယ့် သမီးက ဘာတစ်ခုမှ သေချာ လိုက်မလုပ်နိုင်။ အဲဒီလိုပုံစံနဲ့ သမီးကိုကြည့်ပြီး စိတ်မပျက်မိဖို့ အားမလျော့မိဖို့ ကိုယ့်ကိုယ်ကိုယ် အမြဲ သတိပေးနေ နေခဲ့ရတယ်။ "နောက်တော့ ဒီထက်ပိုပြီး ရလာမှာပေါ့၊ တော်လာမှာပေါ့" ဆိုတဲ့ စကားနဲ့ သမီးကို နှစ်သိမ့်ပေးပြီး သမီးရဲ့ စိတ်ထဲမှာ မိသားစုကို ခင်တွယ်ပြီး လွတ်လပ်ပျော်ရွှင်တဲ့ဘဝမှာ နေရတယ်လို့ ခံစားရရင်ပဲ ကျေနပ်လှပြီ။

ဒါပေမယ့် ခု ဘယ်လိုလုပ်မလဲ။ ဘယ်လိုဖြစ်ပြီး ဒီလိုကိစ္စတွေ ဖြစ်လာရတာလဲ။

နောက်ထပ် တစ်ဖန် တစစ်စစ် ဖြစ်လာတဲ့ ခေါင်းက နာကျင်မှုကြောင့် ဂျူယွန်းအဖေက မျက်လုံးတွေကို ခဏ မှိတ်ပစ်လိုက်တယ်။

အရှေ့ဆိုတာဟာ အားလုံး မှောင်မိုက်နေတာပဲ။

ဒီပုံစံနဲ့ ရှေ့ဆက်ဖို့က တကယ့်ပြဿနာ။ လူတစ်ယောက်လုံး သတ်ပစ်ထားနိုင်တဲ့ သမီးရဲ့ အဖေဆီမှာ ဘယ်သူက အလုပ်အပ်ပါတော့မလဲ။ ဘဝတစ်ခုလုံး ပျက်စီးသွားတာကိုတော့ ဒီအတိုင်း ထိုင်ကြည့်မနေနိုင်ဘူး။ သမီးရဲ့ အနာဂတ်အတွက် အကောင်းဆုံး ကြိုးစားရုန်းထရမှာပဲ။ ပြီးတော့ ကိုယ်တိုင်ရဲ့ ဘဝအတွက်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ရွှေနေကင်မ်

"အရေးကြီးတာက အဆုံးထိ မယိမ်းယိုင်ဘဲ သေချာလေး ပူးပေါင်းပါဝင်ပေးဖို့ပဲ"

ရွှေနေကင်မ်ရဲ့ စကားကို ကြားလိုက်တော့ ဂျူယွန်း စိတ်တိုသွားတယ်။ ရွှေနေကင်မ်ကတော့ ဂျူယွန်း ဘာဖြစ်ဖြစ် ဂရုမစိုက်သလို သက်ပြင်းမျှင်းမျှင်း ချလိုက်တာပဲ။

"အဲဒီနေ့က ကျောင်းအနောက်ဘက်မှာ ဆောအွန်းနဲ့ တွေ့ခဲ့တယ်လို့ ပြောခဲ့တယ်ဆို"

"......................"

အဲဒါ ဘယ်လောက်ထိ ကြီးမားတဲ့ အမှားလဲဆိုတာ သိရဲ့လား၊ ကိုယ့်လက်နဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်ဆွဲချလိုက်တာပဲ"

"................."

"ဂျူယွန်း......မင်း ခု ဖြစ်နေတာတွေကို ကစားနေတယ် ထင်နေတာလား၊ ဒီအတိုင်း ပေါ့ပေါ့ပါးပါးနဲ့ အပြစ်လေးခံလိုက်ပြီးရင် ရပြီ ထင်နေတာမို့လား၊ ခု လက်ရှိ အနေအထားကို ပြောပြရမလား၊ မကြာခင်ပဲ တရားခွင် တက်ရတော့မှာ၊ မင်းကို ဖမ်းဖို့အတွက် မြင်မြင်သမျှ လူတွေကို စစ်မေးနေတဲ့ အခြေအနေပဲ"

ဂျူယွန်း သိပြီးသားရယ်။ ရွှေနေကင်မ်ဟာ အစကတည်းက ဂျူယွန်းရဲ့

mgyoe.com

mgyoe.com

စကားကို မယုံကြည်ဘူးဆိုတာပေါ့။ ဂျူယွန်းအဖေဆီက ရွှေနေလိုက်ခ ပိုက်ဆံတွေ အများကြီး ပေးထားလို့သာ ခုလို ကြိုးစားပမ်းစား လုပ်ပြနေတာ။ ရွှေ့ဆက်ပြီး ကိုရီးယားမှာ အကောင်းဆုံးရှေ့နေဆိုတဲ့ နေရာကို ထိန်းထားနိုင်ဖို့ လုပ်နေရုံ သက်သက်ပဲ။ ပိုဆိုးတာက ရှေ့နေကင်မ်ရဲ့ မျက်နှာမှာ စိတ်ရင်းအမှန် ဆိုတာမျိုးကို တစ်ခါလေးမှတောင် ဂျူယွန်း မတွေ့ဖူးဘူး။

"အဲဒီတော့....."

ဂျူယွန်းက ရှေ့နေကင်မ်ကို ကြည့်ပြီး ခပ်တည်တည်ပဲ မေးလိုက်တယ်။ တကယ်တော့ ရှေ့နေကင်မ်လည်း ဂျူယွန်းကို စိတ်တိုင်းမကျပေမယ့် စကားပြော နေရင်း ဒေါသမထွက်မိအောင် အတတ်နိုင်ဆုံး ထိန်းထားရတာပဲ။

"ရှေ့လျှောက် ငါမသိဘဲ ရဲရှေ့မှာ ဘာတစ်ခုမှ မပြောနဲ့"

ဂျူယွန်းက ဘာတစ်ခုမှမပြောဘဲ ခေါင်းကို မညိတ်ချင် ညိတ်ချင် ညိတ်ပြ လိုက်တော့ ရှေ့နေကင်မ်လည်း သက်ပြင်းတစ်ချက် ချလိုက်တယ်။

"ကျေးဇူးကြောင့် အတော်လေး ခေါင်းစားလိုက်ရတယ်။ ရှေ့ဆက်ပြီး လည်း ဒီလိုပဲ စကားတိုက်ထားရမှာ၊ သေချာနားထောင်ပြီး အားလုံး လိုက်နာပေး ရင် ကောင်းမယ်။ အသုံးမဝင်တဲ့ စကားတွေ ပြောပြီး ကိုယ့်ဘဝကို ပျက်စီးအောင် မလုပ်နဲ့"

"..................."

"သေချာနားထောင်နော်။ အဲဒီနေ့က ဆောအွန်းနဲ့ ကျောင်းအနောက် ဘက်မှာ တွေ့ကြဖို့ ပြောခဲ့တယ်။ ဒါပေမယ့် အချိန်အတော်ကြာ စောင့်ခဲ့ပေမယ့် ဆောအွန်းက ရောက်မလာခဲ့ဘူး။ ဒီတော့ နည်းနည်း ထပ်စောင့်ခဲ့တယ်။ နောက် ကျမှ ဆောအွန်းက ရောက်တော့ ဂျူယွန်းက ဒေါသထွက်ပြီး အဲဒီနေရာကနေ လှည့်ထွက်လာခဲ့တယ်။ ဒီတော့ ဆောအွန်းတစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ အဲဒီနောက်ပိုင်း ကိစ္စကို ဂျူယွန်းက လုံးဝ မသိဘူး"

ရှေ့နေကင်မ်ရဲ့ လှလှပပလေး စီကုံးထားတဲ့ အလိမ်အညာကို နားထောင် ရင်း တကယ်လည်း ဒီအခြေအနေ ဖြစ်ခဲ့လေမလားဆိုတဲ့ အတွေးဝင်မိတယ်။

"ဒါပေမယ့် အားလုံးက သမီးကို တရားခံလို့ပဲ ပြောနေကြတာလေ"

ဂျူယွန်းစကားကြောင့် ရှေ့နေကင်မ်က အသာပြုံးလိုက်တယ်။

"အဲ့ဒီတော့..."

"ရှင်"

mgyoe.com

mgyoe.com
SAMPLE BOOK

"အဲဒီတော့ ကိုယ်တိုင်ကရော တရားခံလို့ပဲ တွေးမိလား"

သေချာမသိတော့ဘူး။ ဂျူယွန်း တကယ်ကို ဘာမှ မသိတော့တာ။ အစပိုင်းမှာတော့ ဆောအွန်းကို လုံးဝ မသတ်ခဲ့ဘူးလို့ တိတိပပ ပြောနိုင်ခဲ့ပေမယ့် ခုတော့ အားလုံးက ဂျူယွန်းကို တရားခံလို့ စွပ်စွဲပြောနေကြတော့ အစတုန်းကလိုပဲ ဆောအွန်းကို မသတ်ခဲ့ဘူးလို့ ပြောနိုင်သေးလားဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မသေချာတော့ဘူး။

ဆောအွန်းကို ရှာတွေ့ခဲ့တဲ့ အဲ့ဒီနေ့မနက်...။

ဆောအွန်းရဲ့ သစ္စာဖောက်မှုကို ခံရတယ်လို့ ခံစားရပြီး ဂျူယွန်းဟာ ကျောင်းကို လေးတိလေးကန် ရောက်လာခဲ့တယ်။ ကျောင်းအနောက်ဘက်မှာ တွေ့ကြတဲ့အထိ ဆောအွန်းက မှားသွားပါတယ်လို့ တတွတ်တွတ် ပြောနေခဲ့တာ။ ဒါပေမယ့် အဲဒီနောက်ပိုင်း ဆောအွန်းနဲ့ အဆက်အသွယ် မရတော့ဘူး။ ဂျူယွန်းကတော့ ဒေါသတွေ ထွက်နေခဲ့ပေမယ့်လို့ ပြန်တွေးကြည့်တော့ ဆောအွန်းနဲ့ ဝေးကွာခဲ့ပြီလားဆိုပြီး စိုးစိတ်တွေ ဝင်နေခဲ့တာ။ ပြီးတော့ နောက်ထပ် တစ်ဖန် ဆောအွန်းနဲ့ နီးစပ်နိုင်ဖို့ ပိုပြီး ခက်ခဲသွားပြီလားဆိုတဲ့ အတွေး။

ကျောင်းကို ပေါ်မလာတော့တဲ့ ဆောအွန်းကြောင့် ဂျူယွန်းမှာ နေမရ ထိုင်မရဖြစ်ပြီး ဆောအွန်းဆီကို စာတိုပဲ ပို့လိုက်ရတော့မလား၊ ဖုန်းပဲဆက်လိုက်ရတော့မလား တွေဝေမှုတွေနဲ့ တကယ်ပဲ နေမရ။

အဲဒီအချိန်မှာပဲ။

"အား...." ဆိုတဲ့ ကွဲထွက်မတတ် အသံနဲ့ အော်ပြေးလာတဲ့ ခြေသံကို ကြားလိုက်ရတာပဲ။ ကြောက်ရွံ့ပြီး စိတ်လှုပ်ရှားလွန်းအားကြီးနေတဲ့ အသံနဲ့ တစ်ယောက်ယောက် သေဆုံးနေသလို ပြောလိုက်တာကြောင့် ဒါဆိုလည်း ရဲကိုတိုင်လေ၊ ၁၁၉ကို ခေါ်ပါတော့လားဆိုတဲ့ အသံတွေ ဟိုကဒီက ပြိုင်တူထွက်လာကြတယ်။

"ဂျူယွန်း... ဒုက္ခပဲ၊ အပြင်ဘက်မှာ ဆောအွန်း...၊ ဆောအွန်းက..."

ဂျူယွန်းက ဒယိမ်းဒယိုင်နဲ့ ကော်ရီဒါကို ထွက်သွားလိုက်တယ်။ ကော်ရီဒါဘက် ပြတင်းပေါက်တိုင်းမှာ အပြင်ဘက်ကို စုပြုံပြီး လှမ်းကြည့်နေကြတဲ့ ကျောင်းသားတွေ အပြည့်။

"ဘာဖြစ်လို့လဲ၊ ဘာကိစ္စဖြစ်ကြတာလဲ"

ဂျူယွန်း ထွက်ကြည့်လိုက်တော့ ကျောင်းသားတွေက လမ်းကြောင်းဖွင့်

mgyoe.com